# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလိုဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ စနေနေ့။ Saturday 28 December 2019 ၆၈၇၇


# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၃၁)နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၃၁)နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၄) ရှိ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●



ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာများပို့သကြစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ


လွတ်လပ်ရေးကို စုပေါင်းအင်အားဖြင့် ကာကွယ်ထိန်းသိမ်းကြပါစို့ — ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ — စာမျက်နှာ » ၈

သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး (အင်းစိန်) ခြောက်ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ — စာမျက်နှာ » ၉





ကြေးမုံ

# မြို့ပြများ စနစ်တကျတိုးတက်နိုင်ရေး

ယခုဆိုလျှင် ရန်ကုန်မြို့သည် လူဦးရေခြောက်သန်းကျော်အထိ ရှိနေသည့် မဟာမြို့ကြီးတစ်မြို့အဖြစ် ကြီးထွားနေခဲ့ပြီဖြစ်သည်။ ပြဿနာများကလည်း ထင်ထင်ရှားရှား ပေါ်ပေါက်နေပြီဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ခန့်ကနှင့် နှိုင်းယှဉ်လျှင် များစွာပိုမိုဆိုးရွားလာနေပြီဖြစ်သည့် မြို့တွင်းသွားလာရေးခက်ခဲမှု အကျပ်အတည်းကြီးကို ကြုံနေရပြီ။ အများပြည်သူသုံး ခရီးသွားလာရေးစနစ်က ကျယ်ပြန့်ထွန်းကားမှုမရှိဘဲ လမ်းများပေါ်တွင် အတောင့်လိုက်ဖြစ်ကာ ကျပ်တည်းနေသည့် လမ်းပိတ်ဆို့မှုများက ကြီးစိုးနေသည်။ ဓာတ်ဆီ၊ ဒီဇယ် ညှော်နံ့၊ မီးခိုးငွေ့များနှင့်အတူ ညစ်ညမ်းလှသည့် ဆိုးဆိုးရွားရွားအနံ့အသက်များ၊ ဆူညံပွက်လောရိုက်နေသည့် ဆူညံသံ ညစ်ညမ်းမှုများဖြင့် လွှမ်းနေသော လေထု၊ နောက်ကျိညစ်ထေးနေသည့်အပြင် မိုးရွာသည်နှင့် ရေကြီးရေလျှံမှုတို့ ကြုံလာရတတ်သည့် မြစ် ချောင်း ရေမြောင်းများ၊ မြို့ထဲဝန်းကျင်တစ်ခုလုံးလိုလိုမှာ ကြဲပြန့်နေသည့် အမှိုက်သရိုက်များ၊ ကျပ်ညပ်သိပ်သည်းကာ ကျန်းမာရေးအဆင့်နိမ့်ကျစွာနေကြရရှာသည့် ကျူးကျော်အိမ်ရာများ၊ လေလွင့်ခွေးများနှင့် အညစ်အကြေးများ၊ ကွမ်းတံတွေး ဗရပွဖြင့် ခြယ်မှုန်းထားသော မြို့တော်ကြီးဖြစ်နေပြီ။

မီးဘေး၊ ရေဘေး၊ မတော်တဆဘေး၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကို တစ်စွန်းတစ်စ ကြုံရသည်လျှင်ပင် ထွက်ပြေးလွတ်မြောက်စရာ စုဝေးရှောင်တိမ်းခိုနားရာ နေရာကွက်လပ် ရှားပါးနေပြီဖြစ်သည့် မြို့နယ်အများအပြားဖြင့် ဖွဲ့စည်းထားသည့် မြို့တော်ကြီးဖြစ်နေပြီ။ လူတကာ ဖူးမြော်ကြည်ညိုကသိုလ်ပွားရသည့် ကျက်သရေ ပြည့်ဝသပ္ပာယ်လွန်းလှသည့် ရွှေတိဂုံစေတီတော်ကြီးသည်ပင် မှုန်ပျပျသာ မြင်ရသည့် အနေအထားဖြစ်နေပြီ။ ငွေကြေးတတ်နိုင်သူတို့သာ မိမိတို့ အိပ်ခန်းဆောင်တွင်းမှ ဖူးမြော်နိုင်အောင် ခွင့်ပြုထားသည့်တိုက်မြင့်တို့က ကွယ်ကာထားလေပြီ။

သည်လိုပြဿနာများက လွန်ခဲ့သော ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ခန့်ကတည်းက ကြိုတင်ပြင်ဆင်စီမံကိန်းများ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ပါမှ ယခုအချိန်တွင် သက်သာနိုင်မည့်ကိစ္စများပင်။ ငွေကြေးအမြတ်အစွန်းတစ်ခုတည်းအတွက်ကို ရှုမြင်တတ်သည့် စီးပွားရေး ရေတိုအမြင်နှင့် ဆောက်ချင်သည့်နေရာတွင် ဆောက်ချင်သလို ဆောက်ခွင့်ပေးရုံဖြင့် ဖွံ့ဖြိုးတိုးတက်သည့် မြို့တော်ကြီးဖြစ်ပြီဟု ထင်ခဲ့သည့် ရလဒ်များကို သင်ခန်းစာယူသင့်ပြီ။ မွန်းကျပ်နေသည့် ပတ်ဝန်းကျင်၊ သွားလာဝင်ထွက်ရန် ခက်ခဲနေသည့် မိုးမျှော်တိုက် အိမ်ရာစီမံကိန်းတို့သည် ရုတ်တရက် ဆွဲဆောင်မှု ရှိကောင်းရှိမည်ဖြစ်သော်လည်း ဝယ်ယူနေထိုင်မည့်သူတို့က သည်လိုဝန်းကျင်အာဝါသကို ဈေးမြင့်မြင့်ပေးကာ ဝယ်ယူရန် အစဉ်းစားကြီး စဉ်းစားလာသည်နှင့်အမျှ စီးပွားရေးတွက်ခြေမကိုက်ဖြစ်ရသည်မှာ မြို့ပြ ဥပဒေစည်းမျဉ်းတို့ကြောင့်မဟုတ်ဘဲ စည်းမျဉ်းတို့ကို လက်တစ်လုံးခြား ရှောင်ကာလွှဲကာဖြင့် ဖြစ်သင့်ဖြစ်ထိုက်၊ ထွန်းကားသင့်ထွန်းကားထိုက်သည့် မြို့ပြအစီအမံအတိုင်းမဟုတ်ဘဲ ရေရှည်မကြည့်ခဲ့သောကြောင့် ဖြစ်ရသည်များလည်း ရှိနေသည်ဆိုခြင်းကို နားလည်သင့်ကြပြီ။

မြို့ပြစီမံကိန်းများဆိုသည်ကလည်း အချိန်အားဖြင့် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ခန့် ကြိုတင်ပြင်ဆင်စီမံကိန်းများရေးဆွဲချမှတ်ရ၊ အကောင်အထည်ဖော်ရ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကွပ်ရသည့် လုပ်ငန်းမျိုးဖြစ်ပါသည်။ ချက်ချင်းပြင်ဆင်၊ ချက်ချင်းဆုံးဖြတ်၊ ချက်ချင်းအကောင်အထည်ဖော်လို့ရမည်မဟုတ်ပါ။

စီမံကိန်းများကို နားလည်တတ်ကျွမ်းသူများ၊ မြို့ပြတွင်နေထိုင်သည့် မြို့ပြပြဿနာများကို လက်တွေ့ခံစားရမည့်ပြည်သူများ လက်တွဲကာ အဖြေထုတ် ရေးဆွဲချမှတ်ရသည့် လုပ်ငန်းများဖြစ်ပါသည်။ နိုင်ငံတကာ အတွေ့အကြုံရှိသူများကို လိုအပ်သကဲ့သို့ မြို့ပြပြည်သူလူထု၏ သဘောထားနှင့် ပါဝင်ပတ်သက်မှုတို့လည်း အမှန်တကယ်လိုအပ်မည်ဖြစ်ပါသည်။

လွန်ခဲ့သော ၁၆ ဒီဇင်ဘာ ၂၀၁၉ နေ့များက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် အမျိုးသားမြို့ပြမူဝါဒချမှတ်ရေးညီလာခံတစ်ရပ် ကျင်းပသည်ကို သတင်းများ၌ တွေ့မြင်ရသည်။ ဤအကြောင်းအရာမှာ မြန်မာနိုင်ငံအတွင်းရှိ မြို့ပြများ အရှိန်အဟုန်ဖြင့် ကြီးထွားလာမှုနှင့်ဆက်စပ်၍ လွန်စွာအရေးကြီးသည့် ဆွေးနွေးမှုအဖြေရှာမှုဟု ရှုမြင်ပါသည်။ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရှင်များ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့ပြများကို စနစ်တကျ ဖွံ့ဖြိုးနိုင်ရေးအတွက် ဘက်စုံထောင့်စုံက ဖြေရှင်းနိုင်မည့်အကြံများ၊ နမူနာများ၊ စည်းမျဉ်းဥပဒေများကို ဆွေးနွေးကြရင်း အကောင်အထည်ဖော်နိုင်ရေး အစီအမံများကို တင်ပြခဲ့ကြပါသည်။

မြို့ပြများဆိုသည်မှာ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ကျေးလက်တောရွာများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ အဆင့်မြင့်ပညာသင်ယူနိုင်မှု၊ ကျန်းမာရေးအစောင့်အရှောက်ရနိုင်သည့် အခြေအနေ စသည်တို့နှင့် မြို့ပြများ၏ အထွေထွေသော ဆွဲဆောင်မှုတို့ကြောင့် မြို့ပြများက ကြီးထွားလာနေမည်သာ ဖြစ်သည်။ ထိုသို့ မြို့ပြတို့ စနစ်တကျတိုးတက်ကြီးထွားလာအောင် ထိန်းကွပ်မပေးနိုင်လျှင် ပရမ်းပတာကြီးထွားလာသည့် မြို့ပြများက ပြည်သူလူထုအတွက် ကြီးမားသောအန္တရာယ်များ ဖြစ်လာပေလိမ့်မည်။

နေချင့်စဖွယ်မြို့ပြများဆိုသည်က မှန်ကန်သောမြို့ပြမူဝါဒ ဟူသည့် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ချင့်ချိန်ကာ ဥပဒေစည်းမျဉ်းတို့ဖြင့် ထိန်းကွပ်တန် ထိန်းကွပ်၊ ခွင့်ပြုတန်ခွင့်ပြု၊ အားပေးတန်အားပေးရန် စီမံချမှတ်ခြင်းများဖြင့်သာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါသတည်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊



## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အကောက်ခွန်ဦးစီးဌာနသို့ သွားရောက်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနသို့ သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် တာဝန်ရှိသူများက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံနှင့် တာဝန်ချထားမှုများ၊ အခွန်ငွေကောက်ခံရရှိမှုများ၊ အကောက်ခွန်ဦးစီးဌာန ခေတ်မီစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ National Single Window အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများ၊ MACCS System Upgrade ပြုလုပ်ရန် ကိစ္စများနှင့် Network Redundancy ကိစ္စရပ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ် စာပေ
လူ့မိတ်ဆွေ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၇၆၈ | ၂၀,၃၃၂,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၄၀၆ | ၁,၅၆၃,၁၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁၂ | ၉၈,၄၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁,၃၁၇ | ၂၉,၆၃၂,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၆၇ | ၄၈၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

ရန်ကုန်(ရွှေဈေး) ၁၁၉၇၀၀၀ မန္တလေး(ရွှေဈေး) ၁၁၉၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၉၀ ကျပ် | ၁၀၃၅/၁၀၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၉၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၉၀ ကျပ် | ၉၈၀/၁၀၀၅ ကျပ် |

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၈၅/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၈၇.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၃၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၅၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၈.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၁၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၉.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၂၃၅၁



## ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီ

**တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူ ရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောပဏာမပြင်ဆင်မှု ညီလာခံတွင် မိန့်ကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]*



ဆရာတော် ဓမ္မဘေရီ အရှင်ဝီရိယ (တောင်စွန်း)ထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့်ဇနီးတို့ အမှူးပြုသော ညှိ့ပရိသတ်များက အနုမောဒနာတရား နာယူကြစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့်ဇနီးနှင့် ညှိ့ပရိသတ်များက ဆရာတော်အား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

● ရှေ့ဖုံးမှ

နှစ်ပတ်လည် ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ဆရာတော် ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း) အမှူးပြုသော သံဃာတော် ၁၆ ပါးတို့အား ပင့်ဖိတ်ကာ ဆွမ်းနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူကာ ရေစက်သွန်းလောင်း အမျှပေးဝေသည်။

### ဆုတောင်းမေတ္တာပို့သ

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာများ ပို့သကြသည်။

### မေတ္တာစကားပြောကြား

ဘာသာပေါင်းစုံ ဆုတောင်းခြင်း အခမ်းအနားတွင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဘဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကား ပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာ ပို့သခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

**သတင်းစဉ်**



# ရှင်သန်ခြင်းရဲ့ စရိုက်မြင့် (၃) ပါး နဲ့ စရိုက်နိမ့် (၃) ပါး

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၄) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် ပြုလုပ်သည့် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၃၁)နှစ်မြောက် ရည်စူးပြုလုပ်သည့် ကုသိုလ်ပွဲတွင် ဟောကြားသည့် တရားတော်

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး ဝေသာလီက ကုသိနာရုံအကြွ လမ်းခရီး နာတိကရွာမှာ ခဏနားနေခိုက် နာတိကရွာသားများက ကွယ်လွန်သူတို့ရဲ့ တမလွန်အရေးနဲ့ပတ်သက်လို့ အရှင်အာနန္ဒာမထေရ်ထံ ချဉ်းကပ်ပြီး မြတ်စွာဘုရားထံ မေးလျှောက်ကြပါတယ်။

ဘုရားရှင်နဲ့ရော အရှင်အာနန္ဒာမထေရ်နဲ့ပါ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်တဲ့ ဒါယကာ၊ ဒါယိကာမတွေဖြစ်လို့ ဘဝတစ်ပါးပြောင်းသွားကြပေမယ့် ဂတိတိမ်းပါးခြင်းတော့ မရှိကြပါဘူး။ များသောအားဖြင့်တော့ သောတာပန်၊ သကဒါဂါမ် စတဲ့ အရိယာတွေဖြစ်ကြတဲ့အတိုင်း သုဂတိဘုံဘဝရောက်ကြသူတွေနဲ့ အရဟတ္တဖိုလ်ပေါက်ပြီး သံသရာခရီးဆုံးသွားကြသူတွေချည်းပါပဲ။

### တရားမှန်တော်ကြီး

တစ်ဦးပြီးတစ်ဦး မေးဖန်များတဲ့အခါမှာ ဘုရားရှင်က အရှင်အာနန္ဒာမထေရ်ကို “အနစ္ဆရိယံ ခေါ ပနေတံ အာနန္ဒ၊ ယံ မနုဿဘူတော ကာလံ ကရေယျ – အာနန္ဒာရာ လူရယ်လို့ဖြစ်လာပြီးနောက် သေကြရတာဟာ အဆန်းတကြယ် မဟုတ်ပါဘူး၊ ဒီကိစ္စကြုံတိုင်း ငါဘုရားကို မေးလျှောက်လို့ ဖြေနေရရင် ငါဘုရားပင်ပန်းပါတယ်”လို့ မိန့်ကြားပြီး ဒီကရှေ့တမလွန်အရေးနဲ့ ပတ်သက်လို့ ဘယ်သူ့မှ မေးနေစရာမလိုဘဲ ကိုယ်တိုင်မှန်ကြည့်သလို ကြည့်ပြီး သိမြင်ဆုံးဖြတ်နိုင်အောင် ငါဟောပေးမယ်ဆိုပြီး “ဓမ္မာဒါသ–တရားမှန်တော်ကြီး” လို့ အမိပ္ပာယ်ရတဲ့တရားကို ဟောတော်မူပါတယ်။

အကျဉ်းချုပ်ကတော့ “ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း၊ တရားတော်၌ မတုန်မလှုပ်ကြည်ညိုခြင်း၊ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်း၊ အရိယာပုဂ္ဂိုလ်တို့ အလေးထားစောင့်ထိန်းတဲ့ ငါးပါးသီလ လုံခြုံခြင်း ဒီမှန်လေးချပ်မှာ မိမိကိုယ်ကိုကြည့်ကြည့်ပါ၊ ဒီလေးပါးမှာ မိမိပုံရိပ်ထင်နေရင် ဒီပုဂ္ဂိုလ်ဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ စတဲ့ အပါယ်ဒုဂ္ဂတိ တိမ်းပါးကျရောက်ခြင်းမရှိဘူး”လို့ ကိုယ်တိုင်ဆုံးဖြတ်လိုက်ပါတဲ့။

> **ကိုယ့်အတွက်ဆိုတဲ့ ‘အတ္တတ္ထ’ ကို ငဲ့ကွက်ခြင်းမရှိတဲ့အတွက်ကြောင့်လည်း ပါရမီလုပ်ငန်းမှန်သမျှ ဘာကိုပဲပြုပြု အတ္တကိုအခြေခံပြီး ဖြစ်ပေါ်လေ့ရှိတဲ့ လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေ တိုးပွားရိုးမရှိဘဲ လျော့ပါးခြင်းအကျိုးသာ ရှိခဲ့ပါတယ်။ ဘဝဆိုတာ ကိလေသာဝန်ထုပ်ပိလေ နိမ့်ကျလေဖြစ်ပြီး ကိလေသာဝန်ထုပ်ပေါ့လေ မြင့်တက်လေဖြစ်ပါတယ်။ ဒါကြောင့် ပါရမီအကျင့်လမ်းဆိုတာ ‘နိမ့်ရာက မြင့်ရာကိုသွားတဲ့လမ်း’ လို့ ဆိုရတာပါ။**

ဒါယိကာမကြီး ဒေါ်ခင်ကြည်ဟာ ဒီမှန်လေးချပ်လုံးမှာ ပုံရိပ်ထင်နေမှာ သေချာပါတယ်။ ရတနာသုံးပါး ကိုးစားယုံကြည်ခြင်း၊ ငါးပါးသီလ စောင့်ထိန်းခြင်း တို့ပါပဲ ။ ဒါကြောင့် ဒါယိကာမကြီးဒေါ်ခင်ကြည်နဲ့ပတ်သက်လို့ ကုသိုလ်ပြုအမျှအတန်းပေးဝေတဲ့အခါ “အကယ်၍များ ဂတိတိမ်းပါး ချွတ်ချော်ခဲ့သည်ရှိသော်” ဆိုတဲ့ သံသယစကားဆိုဖို့ မလိုတော့ပါဘူး။ အင်းဝခေတ်က ဆရာတော်တစ်ပါး သူရေးတဲ့ ပျို့နိဂုံးမှာ မျှဝေသလို “ဤကောင်းမှု ငါ့မိဘ နှစ်ပါးတို့ နှစ်ဝနတ်နား ကြားသိဝမ်းမြောက်နိုင်ပါစေ--” လို့သာ မျှဝေဖို့ ရှိပါတယ်။ အရင်ကလည်း ပြောဖူးပါတယ်။ သားသမီးဝတ္တရားငါးပါးထဲက “လှူမျှဝေ၍ စောင့်လေမျိုးနွှယ်”ဆိုတဲ့ နှစ်ပါးက မိဘတွေ ဂတိတိမ်းပါးခဲ့သော် အတွက် မဟုတ်ပါဘူး၊ သူတို့ရဲ့ ကျေးဇူးတွေကို ဘဝနဲ့ပိုင်းပြီးတော့ တန်ဖိုးမဖြတ်သင့်ကြတဲ့အတွက် အမြဲအောက်မေ့သတိရတဲ့အနေနဲ့ ပြုကြရတယ်ဆိုတာ။

### အံ့ဩလောက်အောင်ဆန်းကြယ်

မြတ်စွာဘုရားမိန့်ကြားတဲ့ "သေကြတာဟာ အဆန်းတကြယ် မဟုတ်ပါဘူး" ဆိုတဲ့ စကားကို အပြန်အားဖြင့် စဉ်းစားလိုက်ရင် "လူရယ်လို့ ဖြစ်လာပြီးနောက် သက်ရှင်နေထိုင်ခိုက်ဟာ အံ့ဩလောက်အောင် ဆန်းကြယ် အရေးပါတယ်"လို့ အဓိပ္ပာယ်ရပါတယ်။

အမှန်တကယ်လည်း လူတိုင်းရဲ့ အနာဂတ်ဘဝခရီးနဲ့ သံသရာခရီး အနိမ့်အမြင့် အတက်အကျဆိုတာကို သေခြင်းက အဆုံးအဖြတ်ပေးမှာ မဟုတ်ပါဘူး၊ “သဗ္ဗေသတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ – သတ္တဝါတိုင်းဟာ ကံသာကိုယ်ပိုင်ဥစ္စာဖြစ်တယ်၊ ကံရဲ့အမွေကို ခံယူရတယ်” ဆိုတဲ့အတိုင်း သက်ရှင်နေထိုင်စဉ်မှာ ပြုလုပ်ထားသမျှ ကံများကသာ အဆုံးအဖြတ်ပေးသွားမှာပါ။ ဒီကိစ္စက ဒီနေ့ ဗုဒ္ဓဘာသာဝင်တွေကို အကြိတ်အနယ် ဟောနေရတဲ့ကိစ္စပဲ ။ မြတ်စွာဘုရားက “အသက်ရှင်နေဆဲ ဒီတစ်လံမျှလောက် ခန္ဓာကိုယ်ထဲမှာ သစ္စာလေးပါးအထိ ရရှိအောင် ကြိုးစားရှာဖွေနိုင်ကြတယ်” လို့ ဟောညွှန်ခဲ့ပေမယ့် ဗုဒ္ဓဘာသာအများစုကြီးက အသက်ရှင်နေစဉ်ကာလမှာ ဘဝတန်ဖိုးမြင့်ဖို့၊ အဆင့်အတန်းမီဖို့ ကြိုးစားရကောင်းမှန်း မသိကြဘဲ သေပြီးနောက် အပါယ်မကျရေးနဲ့ သုဂတိဘုံဘဝရရှိရေးလောက်ပဲ အားသန်နေကြလို့ပါ။

ဘုရားလောင်းတော်တို့ရဲ့ ပါရမီခရီးစဉ်တစ်လျှောက်ကို ကြည့်လိုက်ရင် သက်ရှင်နေထိုင်စဉ်ဘဝတွေကို အရေးပါအောင် "စရိယသုံးပါး" လို့ ခေါ်တဲ့ ကျင့်သုံးခြင်းသုံးမျိုးနဲ့ ဘဝတန်ဖိုးတွေ မြှင့်တင်ကျင့်သုံးခဲ့တာကို တွေ့နိုင်ပါတယ်။ ကျင့်သုံးခြင်းသုံးမျိုးဆိုတာကတော့ –

(၁) လောကအားလုံးအတွက် ရည်မှန်းကျင့်သုံးတဲ့ ‘လောကတ္ထစရိယ’။

(၂) ဆွေမျိုးဉာတိတို့ အကျိုးအတွက် ကျင့်သုံးတဲ့ ‘ဉာတတ္ထစရိယ’။

(‘ဉာတိ’ ကို ‘ဆွေမျိုး’ လို့ဆိုပေမယ့် ‘ဉာတ’ သဒ္ဒါက ‘သိခြင်း’ လို့ အဓိပ္ပာယ်ရတဲ့အတွက် ‘ဉာတတ္ထစရိယ – သိမြင်ဆက်စပ်သမျှ ဝန်းကျင်အကျိုးကို ကျင့်ခြင်း’ လို့ယူရင် ပိုပြီးပြည့်စုံပါလိမ့်မယ်။ ဇာတကဖြစ်တော်စဉ်တွေမှာ ကြည့်ရင်လည်း ဆွေမျိုးတော်စပ်သူများကိုသာမက တွေ့ကြုံဆက်စပ်သမျှ ဒေသမခြား၊ အမျိုးဇာတ်မခြားဘဲ လူဖြစ်တဲ့ဘဝမှာ တိရစ္ဆာန်တို့အကျိုး၊ တိရစ္ဆာန်ဖြစ်တဲ့ဘဝမှာ လူတို့ရဲ့အကျိုးကိုအထိ သိမြင်ဆက်စပ်သမျှ အားလုံးအတွက် သက်စွန့်ကြိုးပမ်းခဲ့တာ တွေ့ရပါတယ်။)

(၃) မိမိအတွက် ကံကြောင့် ရရှိမည့်အကျိုးကိုပင် မျှော်လင့်တောင့်တခြင်း မရှိဘဲ တွယ်တာတပ်မက်မှု ကိလေသာလျော့ပါးကုန်ခန်းပြီး ဗောဓိဉာဏ်ရင့်သန်ရေးကိုသာ ရည်မှန်းတဲ့ ‘ဗုဒ္ဓတ္ထစရိယ’ တို့ပါပဲ။

### လောကအကျိုးနဲ့ ဆွေမျိုးဉာတိတို့အကျိုး

အလောင်းတော်တို့ရဲ့ ပါရမီခရီးဆိုတာ နိမ့်ရာမှမြင့်ရာကို သွားတဲ့ခရီး၊ အတ္တမှအနတ္တာသို့ သွားတဲ့ခရီး ဖြစ်တဲ့အတိုင်း စွမ်းနိုင်သမျှ စွန့်လွှတ်စွန့်စား ပြုလုပ်တဲ့ ဒါန၊ သီလ စတဲ့ မြင့်မြတ်ရေးအလုပ်ကြီး(၁၀)မျိုးလုံးမှာ ကိုယ့်အတွက်ဆိုတဲ့ “အတ္တတ္ထ” ကို လုံးဝငဲ့ကွက်တောင့်တမှုမပြုခဲ့ပါဘူး၊ လောကအကျိုးနဲ့ ဆွေမျိုးဉာတိတို့အကျိုးကိုသာ ငဲ့ကွက်ပြုလုပ်ရိုး ဖြစ်ပါတယ်။

ကိုယ့်အတွက်ဆိုတဲ့ ‘အတ္တတ္ထ’ ကို ငဲ့ကွက်ခြင်းမရှိတဲ့အတွက်ကြောင့်လည်း ပါရမီလုပ်ငန်းမှန်သမျှ ဘာကိုပဲပြုပြု အတ္တကိုအခြေခံပြီး ဖြစ်ပေါ်လေ့ရှိတဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ တိုးပွားရိုးမရှိဘဲ လျော့ပါးခြင်းအကျိုးသာ ရှိခဲ့ပါတယ်။ ဘဝဆိုတာ ကိလေသာဝန်ထုပ်ပိလေ နိမ့်ကျလေဖြစ်ပြီး ကိလေသာဝန်ထုပ်ပေါ့လေ မြင့်တက်လေဖြစ်ပါတယ်။ ဒါကြောင့် ပါရမီအကျင့်လမ်းဆိုတာ ‘နိမ့်ရာက မြင့်ရာကို သွားတဲ့လမ်း’ လို့ ဆိုရတာပါ။ ကိလေသာလျော့ပါးလာခြင်းသည်ပင် ဗောဓိဉာဏ်ရင့်သန်တိုးတက်ရေးဖြစ်လို့ ‘ဗုဒ္ဓတ္ထစရိယ – ဗောဓိဉာဏ်အတွက် ကျင့်သုံးခြင်း’ ဖြစ်သွားတာပါ။ (ကိုယ်ကျိုးမဖက်ဘဲ လောကတ္ထစရိယ၊ ဉာတတ္ထစရိယကိုသာ ငဲ့ကွက်ကျင့်သုံးခြင်းပင် ဗုဒ္ဓတ္ထစရိယ အလိုလိုပါသွားအောင် ကျင့်သုံးခြင်းလည်း မည်တယ်လို့ ဆိုလိုတာပါ။)

ဒီနေရာမှာ ‘ဗုဒ္ဓတ္ထစရိယ’ ဆိုတာကို သဘောပေါက်ဖို့ လိုအပ်ပါတယ်။ အချို့က ‘ဗုဒ္ဓတ္ထစရိယ’ ဆိုတာလည်း ကိုယ်တိုင်ဘုရားဖြစ်ဖို့အတွက် ရည်ရွယ်ကျင့်သုံးတာပဲဖြစ်လို့ လောကအလိုပြောမယ်ဆိုရင် ‘အတ္တတ္ထစရိယ’ ပဲ မဟုတ်လားလို့ ထင်တတ်ကြပါတယ်။

‘ဗုဒ္ဓတ္ထစရိယ’ ဆိုတာ ပုဂ္ဂလဓိဋ္ဌာန်အကျင့် မဟုတ်ပါဘူး။ ‘သစ္စာလေးပါးကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်’ ကို ရည်မှန်းကျင့်ကြံတာဖြစ်လို့ “ဓမ္မဓိဋ္ဌာန်” အကျင့်သာ ဖြစ်ပါတယ်။

### ကိလေသာထူပြောရင် အသိဉာဏ်နည်းပါး

အသိဉာဏ်ကို ကိလေသာတရားများက ဖုံးကွယ်ထားပါတယ်။ ကိလေသာ ထူပြောရင် အသိဉာဏ်နည်းပါးတယ်။ ကိလေသာပါးသလောက် အသိဉာဏ်က ပွင့်လာပါတယ်။ ဒါကြောင့် ‘ဗုဒ္ဓတ္ထစရိယာဆိုတာ ကိလေသာလျော့ပါးရေးအတွက် ရည်မှန်းကျင့်ကြံတာ’ လို့ သဘောပေါက်သင့်ပါတယ်။

အလောင်းတော်တို့ဟာ ကိုယ်ပိုင်ဆိုင်သမျှကို လောကအတွက်၊ ဉာတိအတွက် စွန့်လွှတ်လိုက်တာနဲ့တစ်ပြိုင်နက် ပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာအပေါ်မှာ တွယ်တာနေတဲ့ တဏှာလောဘဆိုတဲ့ ကိလေသာကိုပါ စွန့်ပယ်လိုက်ပါတယ်။

များသောအားဖြင့် သာမန်ပုဂ္ဂိုလ်တို့ ဒါနကုသိုလ်ပြုလုပ်တဲ့အခါမှာ ပစ္စည်းဥစ္စာကိုသာ စွန့်လွှတ်ပေမယ့် တွယ်တာတဲ့ ကိလေသာကိုတော့ စွန့်လွှတ်နိုင်ခဲပါတယ်။ ပြုလုပ်တဲ့ကုသိုလ်ကြောင့် ရရှိလာမယ့် ကောင်းကျိုးကိုတော့ ကိုယ့်အတွက်အဖြစ် မျှော်လင့်တောင့်တမိကြပါတယ်။ ဒီကုသိုလ်မျိုးကို လယ်တီဆရာတော်ကြီးက ‘ဥတ္တမပုရိသဒီပနီ’မှာ ဝိသုဒ္ဓိမဂ်ကျမ်းက စကားကို ကိုးကားပြီး ‘ပုညဖလကာမတာယ ပဝတ္တိတံ မဇ္ဈိမံ– ကောင်းမှုကြောင့် ရရှိမယ့်ကောင်းကျိုးကို မျှော်ကိုးပြီး ပြုလုပ်တဲ့ကုသိုလ်ဟာ အလယ်အလတ်တန်းစား ကုသိုလ်မျိုးသာ ဖြစ်တယ်။ ပါရမီမြောက် အမြတ်စားကုသိုလ် မဟုတ်ဘူး’၊ ‘ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နဿာယ – ဒါဟာ တာဝန်အရ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ပစ္စည်းဝတ္ထုရော၊ ပစ္စည်းဝတ္ထုပေါ် တွယ်တာတဲ့ ကိလေသာ၊ ကောင်းကျိုးမျှော်တဲ့ ကိလေသာပါ စွန့်လွှတ်ပြီး ကိလေသာကုန်ခန်းရာ အရိယာအဖြစ်ကို ရည်ရွယ်ပြုလုပ်တဲ့ကုသိုလ်မျိုးသာ ပါရမီမြောက် အမြတ်စားဘဝတန်ဖိုးမြှင့်ကုသိုလ်ဖြစ်တယ်’ လို့ ဆိုထားပါတယ်။

### စရိုက်မြှင့်အကျင့်သုံးပါး

ကုန်ခန်းရမယ့် ကိလေသာတွေ လျော့ပါးပြီး တိုးပွားရမယ့် သဒ္ဓါပညာတို့ တိုးပွားလာအောင် ကျင့်သုံးတာဟာ ဗုဒ္ဓတ္ထစရိယ ပါပဲ။ ဒီအကျင့်သုံးမျိုးတို့ဟာ ဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်စေတဲ့အတွက် ‘စရိုက်မြှင့်အကျင့်သုံးပါး’ လို့လည်း ဆိုနိုင်ပါတယ်။

ဒါကြောင့်လည်း နောက်ဆုံး ပါရမီတွေ ပြည့်စုံသွားလို့ ဗောဓိညောင်ပင်အောက်မှာ ဘုရားအဖြစ်ရောက်ခါနီးအခြေအနေနဲ့ ပတ်သက်လို့ ပြန်လည်ဟောပြတဲ့အခါ ‘ငါရဲ့ အသိဉာဏ်ကို ဖုံးလွှမ်းထားတဲ့ ကိလေသာ ပမာဏက ယနေ့ပင် ပေါက်တော့မည့် ကြက်ဥရဲ့အကာပါးပါးလေးလောက်ပဲ ကျန်တော့တယ်၊ ငါရဲ့ဉာဏ်အစွမ်းကလည်း ယနေ့ပေါက်တော့မည့် ကြက်ငယ်ရဲ့ နှုတ်သီးလို ရင့်မာနေပြီ၊ ဒါကြောင့်လည်း ကြက်ငယ်ရဲ့ ရင့်မာတဲ့နှုတ်သီး လှုပ်လိုက်ကာမျှနဲ့ ကြက်ဥရဲ့အကာပါး ပေါက်ကွဲပြီး ကြက်ငယ်တစ်ကောင် ပေါက်ဖွားလာသလို ကိလေသာရန်မြူခပင်း ပေါက်ကွဲပွင့်ထွက်ပြီး သဗ္ဗညုတဉာဏ်အလင်းကို ရတော်မူခဲ့တယ်’လို့ ဟောတော်မူတာပါ။

ဒါနဲ့ပတ်သက်လို့ လယ်တီဆရာတော်ကြီးကလည်း ခုနစ်နေ့ ဘုရားရှိခိုး လင်္ကာများမှာ–

‘ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို’ လို့ စပ်ဆိုပူဇော်ခဲ့ပါတယ်။

### စရိုက်မြင့်သုံးဆင့်

အလောင်းတော်တို့က သက်ရှင်နေထိုင်စဉ်ကာလတွေကို အရေးပါအောင် ‘စရိယသုံးပါး’ ခေါ်တဲ့ စရိုက်မြင့်သုံးဆင့်နဲ့ ဘဝကို တစ်ဆင့်ထက်တစ်ဆင့် တန်ဖိုးမြှင့်တင်ခဲ့သလို ဒေဝဒတ်အလောင်း အစရှိတဲ့ ဆန့်ကျင်ဘက်တို့ရဲ့ အကျင့်မျိုးလို ဘဝရဲ့တန်ဖိုးနဲ့ အဆင့်အတန်းတွေကို နိမ့်ပါးအောင် ကျင့်ကြတဲ့ စရိုက်နိမ့်သုံးမျိုးကိုလည်း လောကထဲမှာ တွေ့မြင်နိုင်ပါတယ်။ အဲဒါတွေကတော့ (၁) သူတစ်ပါးအကျိုးကို လုံးဝငဲ့ကွက်ခြင်း မရှိဘဲ ‘ဘယ်သူသေသေ ငတေမာပြီးရော’ ဆိုတဲ့ စိတ်ထားမျိုးနဲ့ ကိုယ်ကျိုးကိုသာ အစွမ်းကုန်လုပ်ဆောင်တဲ့ ‘အတ္တတ္ထစရိယ’။

(၂) သူတစ်ပါးအကျိုးငဲ့ကွက်ခြင်းမရှိဘဲ ကိုယ်ကျိုးကိုသာ အဓိကလုပ်ဆောင်မှုများသည်ပင် ကိုယ်နဲ့ဆက်စပ်ပတ်သက်ရာ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်နစ်နာပျက်စီးစေတဲ့အတွက် ‘ဉာတိအနတ္ထစရိယ’ လည်း မည်ပါတယ်။

(၃) တစ်ကိုယ်ကောင်းစိတ်ဓာတ်တွေ ကြီးမားကျယ်ပြန့်လာခြင်းသည်ပင် ရေခြားမြေခြားအထိ တစ်လောကလုံးကိုလည်း ပျက်စီးထိခိုက်စေတဲ့အတွက် ‘လောကအနတ္ထစရိယ’ လည်း အလိုလိုဖြစ်သွားစေတဲ့အကျင့်များပါ။

ဒီအကျင့်သုံးမျိုးလုံးဟာ ပြုလုပ်စဉ်ခဏမှာသာ မိမိအကျိုး ‘အတ္တတ္ထစရိယ’ လို့ ထင်ရပေမယ့် အပြစ်ဟူသမျှကို မြူမျှအလေးမထားတဲ့အတွက် ကိလေသာမြူတွေ ထူသည်ထက် ထူပြောလေးလံပြီး သံသရာတစ်လျှောက် တစ်ဘဝထက်တစ်ဘဝ တန်ဖိုးတွေနိမ့်ကျစေတတ်တဲ့အတွက် ‘စရိုက်နိမ့်သုံးမျိုး’ လို့ ဆိုနိုင်ပါတယ်။ တိပိဋကရေဝယောဆရာတော်ကတော့ ဒီလိုကံမျိုးတွေဟာ နိမ့်ကျတဲ့ဘဝကို ဦးတည်တဲ့ အဆင်းလမ်းဖြစ်ပါတယ်။ ‘လူတွေဟာ အဆင်းလမ်းကို ရဲရဲကြီးလျှောက်နေသမျှ ဆင်းရဲနေကြမှာပဲ၊ အဆင်းရဲလေ ဆင်းရဲလေဖြစ်နေမယ်’ လို့ ဆုံးမပါတယ်။

### သံသရာသစ်ငုတ်များ

ဒီလိုပုဂ္ဂိုလ်မျိုးဟာ သံသရာမှာ သစ်ငုတ်လို အမြစ်တွယ်ပြီး အညွန့်မှန်သမျှ တုံးသွားစေတဲ့အတွက် ‘သံသရာ သစ်ငုတ်များ’ လို့လည်း သူတော်ကောင်းတို့က သတ်မှတ်ကြပါတယ်။ ရှင်ဒေဝဒတ်ဟာ နောက်ဆုံးဘဝမှာ ဘုရားရှင်နဲ့ လောကအရလည်း ဆွေမျိုးတော်ပြီး သာသနာတော်မှာလည်း ရဟန်းတစ်ပါး ဖြစ်ခဲ့ရပေမယ့် ကွယ်လွန်ချိန်မှာတော့ အညွန့်အားလုံးတုံးပြီး အဝီစိမှာ နစ်မြုပ်သွားသလိုမျိုးပါပဲ။ ယောဆရာတော်ကတော့ ဘုန်းကြီးများဘဝကူးတာဟာ အထက်ကို မြင့်တက်သွားတာဖြစ်လို့ ‘ပျံတော်မူတယ်’ လို့ ဆိုရပေမယ့် ရှင်ဒေဝဒတ်ကတော့ ‘ပျံတော်မမူနိုင်ရှာဘဲ နစ်တော်မူရတယ်’ လို့ မိန့်ကြားပါတယ်။

ဒီနေ့ ရည်မှန်းကုသိုလ်ပြုလုပ်ပြီး အမျှအတန်းပေးဝေရမယ့် ဒါယိကာမကြီး ဒေါ်ခင်ကြည်ကတော့ သက်ရှင်နေထိုင်စဉ်မှာ ကင်းသင့်တဲ့စရိုက်နိမ့် သုံးမျိုးလုံးလည်း ကင်းရှင်းပြီး ဘုရားရှင်ဟောကြားတဲ့ မှန်လေးချပ်လုံးမှာလည်း အရိပ်ထင်ရှားသလို ကောင်းမြတ်တဲ့ စရိုက်သုံးပါးလုံးနဲ့လည်း ဘဝတန်ဖိုးကို မြှင့်တင်ခဲ့တယ်ဆိုတာ သိသာထင်ရှားပြီးဖြစ်လို့ အမျှပေးဝေရာမှာ ‘ရောက်လေရာ သုဂတိဘဝမှ နှစ်ဝနတ်နား ကြားသိဝမ်းမြောက်ပါစေ’ လို့သာ ရည်မှန်းပြီး အမျှအတန်းပေးဝေကြပါစို့။

အပ္ပမာဒေန သမ္ပာဒေထ

❂ ဒုတိယသမ္မတမှ

ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စီမံကိန်းပညာရှင်အဖွဲ့နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့နိုင်ငံ၏ ရေနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက် ဘက်စုံစီမံခန့်ခွဲနိုင်ရန် အထူးလိုအပ်နေသော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ကော်မတီ၏ မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် ကော်မတီအတွင်းရေးမှူးရုံး၊ အကြံပေးအဖွဲ့ရုံး၊ ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုဗဟိုဌာန (Hydro Informatics Center)တို့ တစုတစည်းတည်း လုပ်ငန်းများတက်ညီလက်ညီ စုပေါင်းဆောင်ရွက်နိုင်ရန် တည်ဆောက်သည့် ရုံးချုပ်အဆောက်အဦ ပန္နက်တော်တင်သည့် မင်္ဂလာအခမ်းအနားပင် ဖြစ်ပါကြောင်း။

ယခုအဆောက်အဦအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့ဘဏ်အကူအညီဖြင့်ဆောင်ရွက်နေသော စီမံကိန်းတစ်ခုဖြစ်သည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း (AIRBM Project)အတွက် အတိုးမဲ့ချေးငွေထဲမှ ကျခံသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးနေသည့် ကမ္ဘာ့ဘဏ် (World Bank)အဖွဲ့ကို ကျေးဇူးတင်ရှိပါကြောင်း။

## ပိုင်ဆိုင်ထား

မိမိတို့မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်း ရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားပါကြောင်း၊ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံတစ်ဝန်း၌ တစ်နေရာနှင့်တစ်နေရာ မိုးရွာသွန်းမှုပမာဏမတူညီဘဲ နိုင်ငံအလယ်ပိုင်းရှိ မိုးနည်းရေရှားရပ်ဝန်းသည် ရေအလွန်ရှားပါးလှပါကြောင်း၊ နိုင်ငံ၏ အချို့နေရာများတွင် မိုးတွင်းကာလ၌ မိုးများ၍ အဆင်ပြေသော်လည်း နွေရာသီရောက်ပါက ရေရှားပါးမှုဒဏ်ကို အနည်းနှင့်အများဆိုသလို ကြုံတွေ့ရလေ့ရှိပါကြောင်း။

ထို့အပြင် နိုင်ငံ၏ဒေသအများစုသည် မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်တတ်သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ကမ္ဘာ့အနှံ့အပြားတွင် ရေကို အလုအယက် အပြိုင်အဆိုင်ရယူရန် ကြိုးပမ်းမှုများမှ တစ်ဆင့် ရေအသုံးပြုသူအုပ်စုအမျိုးမျိုးအကြား ပဋိပက္ခများနှင့် တင်းမာမှုများဖြစ်ပေါ်နိုင်သည့် အလားအလာများ ပိုမိုတိုးပွားလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ရေဘက်စုံစီမံခန့်ခွဲမှု၊ တရားမျှတသော ရေခွဲဝေမှုနှင့် ရေနှင့်သက်ဆိုင်သူအားလုံးပါဝင်ပြီး သိပ္ပံပညာကိုအခြေခံ၍ ကြောင်းကျိုးညီညွတ်စွာဖြင့် သက်သေပြနိုင်ရန်အတွက် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်များလည်း လိုအပ်လာပါကြောင်း၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအတွက် ဖြေရှင်းရမည့်ကိစ္စရပ်များစွာရှိနေပါကြောင်း။

သာဓကအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိနေသည့် ပြန်လည်ဖြည့်တင်းနိုင်သော မြေအောက်ရေလွှာများနှင့် ပြန်လည်မဖြည့်တင်းနိုင်သည့် မြေအောက်ရေလွှာများအတွင်းရှိ ရရှိနိုင်သောရေအရင်းအမြစ်ပမာဏနှင့် အရည်အသွေးများကို သိရှိနိုင်ရန် တစ်နိုင်ငံလုံးရှိ မြေအောက်ရေအောင်းလွှာမြေပုံများ၊ ရေကြီးရေလျှံမှုဘေးအန္တရာယ်လျော့ပါးသက်သာစေရန် နေရာဒေသအလိုက် ရေကြီးမှုအန္တရာယ်ပြမြေပုံ (Flood Hazard Map)များ ရေးဆွဲထားရန် လိုအပ်ပါကြောင်း။

ထို့အပြင် ရေကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးချရာတွင် ရေတစ်ပေါက်၏တန်ဖိုးကို အကျိုးအမြတ်အများဆုံးရရှိအောင် သုံးစွဲနိုင်စေရန်အတွက် မိမိအသုံးပြုလိုက်သောရေကို ခြေရာခံခြင်း(water footprint)နှင့် ရေအသုံးစာရင်းစစ်ခြင်း (water auditing)စသည့် စံနှုန်းသတ်မှတ်ချက်များကို အခြေခံဆောင်ရွက်သည့် စနစ်တစ်ခုကို မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော်ကျင့်သုံးနိုင်စေရန်အတွက် ကြိုးပမ်းအားထုတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှုအပါအဝင် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိရေး၊




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ရေထုညစ်ညမ်းမှုထိန်းချုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေကိုပိုမိုထိရောက်စွာ အသုံးချရေး၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲရေး၊ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်မှ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီစသည့်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲသည့် အဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အခြေခံပြုပြင်ပြောင်းလဲမှုများမှ ပေါ်ပေါက်လာသည့် အခြေအနေသစ်များ



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အမှာစကားပြောကြားစဉ်။

ကို ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချနိုင်ရန် အရေးပါသော ပြင်ဆင်ဆောင်ရွက်မှုပင် ဖြစ်ပါကြောင်း။

## မရှိမဖြစ်လိုအပ်

မြန်မာ့စီးပွားရေးဦးမော့လာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်၊ စိုက်ပျိုးရေးကဏ္ဍနှင့် အခြားသောကဏ္ဍများမှ ထွက်ကုန်များ ပိုမိုထွက်ရှိလာစေရန်၊ နိုင်ငံသားတိုင်း၏ ကျန်းမာရေး ပိုမိုကောင်းမွန်လာစေရန်၊ လူနေမှုအဆင့်အတန်း ပိုမိုတိုးမြင့်လာစေရန်နှင့် လက်ရှိပျမ်းမျှသက်တမ်းထက် ပိုမိုနေထိုင်နိုင်စေရန်တို့အတွက် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ်သည် မရှိမဖြစ်လိုအပ်သည်ဆိုသည့် အချက်ကို သတိပြုမိကြစေလိုပါကြောင်း။

ရေဆိုင်ရာ အသိပညာပေးရေးနှင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဆက်နွှယ်သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကြီးမှူးကျင်းပပေးလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင်ကျင်းပခဲ့သည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေထိပ်သီးညီလာခံကိုလည်း အိမ်ရှင်အဖြစ် ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံအတွက်လိုအပ်နေသည့် အမျိုးသားရေဥပဒေ ပြဋ္ဌာန်းနိုင်ရေးနှင့် အမျိုးသားရေအရင်းအမြစ်ကော်မတီဥပဒေ ပေါ်ပေါက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားပေါင်းစုံပါဝင်သည့် မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံသားများအားလုံး ကလေးသူငယ်၊ လူငယ်လူလတ်၊ လူကြီးအားလုံး ကျား/မ မခွဲခြားဘဲ ရေ၏တန်ဖိုးကို ကောင်းစွာနားလည်သဘောပေါက်ကြစေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရင်း အကျိုးရှိရှိအသုံးချရမည်ကို နားလည်နိုင်သည့် အသိအမြင်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက်လည်း ရေပညာရေးလုပ်ငန်းများနှင့် ရေဆိုင်ရာ လူ့စွမ်းအားမြှင့်တင်မှုလုပ်ငန်းများ၊ လေ့ကျင့်ပညာပေးမှုများကို ယခုအဆောက်အဦတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

နိုင်ငံသားများအနေဖြင့် ရေအရင်းအမြစ်များ ကြာရှည်တည်တံ့စေရန် မြစ်များ၊ ချောင်းများ၊ ကန်များ၊ ရေမြောင်းများအတွင်းသို့ အမှိုက်စွန့်ပစ်ခြင်းမပြုကြရန်နှင့် ရေဝေရေလဲဒေသ စိုက်ခင်းများနှင့် သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုများ၊ မြို့ရွာများအတွင်း သစ်ပင်စိုက်ပျိုးမှုများတွင် တတ်စွမ်းသမျှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း။

## အထောက်အကူပြုနိုင်မည်

ယခုကဲ့သို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေအရင်းအမြစ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုဗဟိုဌာန(Hydro Informatics Center)တစ်ခုပေါ်ထွက်လာခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအတွက် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိလာမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရတနာပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ပန္နက်တော်တင်ပေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ရေမိခင်များအဖွဲ့နာယက ဒေါက်တာရွှေလွှမ်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေဘက်စုံ စီမံခန့်ခွဲမှုဗဟိုဌာန(Hydro Informatics Center-HIC) အဆောက်အဦပုံစံငယ်အား ကြည့်ရှုသည်။

တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များ စီမံဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ရေနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကော်မတီ၏အကြံပေးအဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့သည်။

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ(NWRC)ကို ၂၀၁၆ ခုနှစ် ဇွန်လတွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကော်မတီအနေဖြင့် ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ရေဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသားအဆင့် ရေမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ရေနှင့်ဆက်နွှယ်သည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

## ထည့်သွင်းဖော်ပြ

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ကြိုးပမ်းမှုကြောင့် ၂၀၁၇ ခုနှစ် တတိယအကြိမ် အာရှ-ပစိဖိတ် ရေထိပ်သီးညီလာခံတွင် ရန်ကုန်ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့ပြီး ရေနှင့်ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံအား အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် မတ် ၂၂ ရက် ကမ္ဘာ့ရေနေ့ (world water day)အထိမ်းအမှတ် logo တွင် အင်းလေးကန်တွင် ခြေဖြင့်လှေလှော်နေသည့်ပုံကို ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုဗဟိုဌာန(Hydro Informatics Center-HIC)ကို တည်ဆောက်ပြီးစီးပါက ကွန်ပျူတာမော်ဒယ်များဖြင့်တွက်ချက်၍ ရရှိလာသောအချက်အလက်၊ ကောင်းကင်ဓာတ်ပုံ၊ ပထဝီအနေအထားဆိုင်ရာ သတင်းအချက်အလက်များကိုကြည့်ရှု၍ ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ ရေနှင့်သက်ဆိုင်သည့် စီမံကိန်းများနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အရေးပေါ်အခြေအနေများအတွက် အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် ရေနှင့်သက်ဆိုင်သော လူငယ်ပညာရှင်များ မွေးထုတ်ခြင်း၊ ရေနှင့်သက်ဆိုင်သည့် ဗဟုသုတနှင့် နည်းပညာများကို ဖြန့်ဝေခြင်း၊ ရေကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အချက်အလက်များဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကို စုပေါင်းအင်အားဖြင့် ကာကွယ်ထိန်းသိမ်းကြပါစို့

မောင်ခိုင်မာ (အထက်မင်းလှ)

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံးက အမွန်အမြတ်ထားအပ်သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ဟူသည်မှာ တိုင်းတစ်ပါး၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ကာ ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြွင်းကိုလက်ဝယ်ပိုင်ပိုင် ပြန်လည်ပိုင်ဆိုင်သော၊ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာပိုင်သောနေ့ ဖြစ်ပါသည်။ ဤသို့လွတ်လပ်ရေးကို ပြန်လည်ရယူပိုင်ဆိုင်ခဲ့ခြင်းမှာ အလွယ်တကူတော့ မဟုတ်ပါ။

**ကျူးကျော်စစ်များဖြင့်**

နယ်ချဲ့အင်္ဂလိပ်တို့က သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံအား ကျူးကျော်စစ် သုံးကြိမ် ဖန်တီးကာ သိမ်းပိုက်ခဲ့သည်။ ပထမကျူးကျော်စစ်မှာ ဘကြီးတော်ဘုရားလက်ထက် (၅-၃-၁၈၂၄ မှ ၂၄-၂-၁၈၂၆ အထိ) ကြာမြင့်ပြီး ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့ရသည်။ မြန်မာတို့က နယ်ချဲ့အား စတာလင်ပေါင်တစ်သန်း လျော်ကြေးပေးရသည်။ ရခိုင်နှင့် တနင်္သာရီဒေသ ဆုံးရှုံးခဲ့သည်။ ဒုတိယကျူးကျော်စစ်မှာ ပုဂံမင်းလက်ထက် (၁၈၅၂ ဧပြီ မှ ၁၈၅၂ နိုဝင်ဘာအထိ) ကြာမြင့်ပြီး မြေထဲမြို့ (အောင်လံမြို့) မှ အောက်ဘက်အောက်မြန်မာနိုင်ငံ ဆုံးရှုံးခဲ့ရသည်။ တတိယကျူးကျော်စစ်မှာ သီပေါဘုရင်လက်ထက် (၁၄-၁၁-၁၈၈၅ မှ သီပေါမင်းနန်းကျသည့် ၂၈-၁၁-၁၈၈၅ အထိ) ကြာမြင့်ပြီး မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်သွားခဲ့သည်။ မြန်မာပြည်သူတို့ သူ့ကျွန်ဘဝ သက်ဆင်းခဲ့ရတော့သည်။

**လွတ်လပ်ရေး ကြိုးပမ်းမှု**

နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်မှစ၍ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အသက်သွေးချွေးစတေးကာ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်ဖြင့် လွတ်လပ်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းခဲ့ကြလေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကွင်းဆက်ရှိရှိ ကြိုးပမ်းခဲ့ကြသည်။ ၁၉၂၀ ပြည့်လွန်နှစ်များတွင် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတို့သည် မျိုးချစ်စိတ်ဓာတ် ပိုမိုထက်သန်လာကြသည်ဟုပင် ဆိုနိုင်ပါသည်။ နိုင်ငံရေးအမြင် ကျယ်ပြန့်လာသည်နှင့်အမျှ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး စသည့် အသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားလာကြသည်။ နယ်ချဲ့ကို ဒူးမထောက်၊ လက်မမြှောက် အန်တုလာသည်။ တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ကျောင်းသားသပိတ်တို့က မြန်မာ့နိုင်ငံရေးသမိုင်းတွင် စံနမူနာယူစရာ အထင်အရှားပေါ်ထွက်လာခဲ့သည်။

အဆိုပါ အကွက်စိပ်လာသော အရေးတော်ပုံများထဲမှ ရန်ကုန်တက္ကသိုလ်ကျောင်းသားလူငယ်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာနိုင်ငံက လက်ဝယ်ပိုင်ပိုင် ရရှိလိုက်ခြင်းမှာ တန်ဖိုးမဖြတ်နိုင်ပေ။ ဗိုလ်ချုပ်သည် နယ်ချဲ့ကို တိုက်ထုတ်ရန်အတွက် ခေတ်မီတပ်မတော်နှင့် ခေတ်မီစစ်လက်နက်ရှိမှ ဖြစ်မည်ဟု ခံယူကာ ပြည်ပအကူအညီရှာဖွေသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် "အင်္ဂလိပ်အခက်၊ ဗမာ့အချက်"ဟု ကြွေးကြော်ကာ လွတ်လပ်ရေးကို အရယူဖို့ရန် ကြိုးပမ်းသည်။ ရဲဘော်သုံးကျိပ်ဖွဲ့စည်းကာ ၁၉၄၁ တွင် ဟိုင်နန်ကျွန်း၌ စစ်ပညာသင်ခဲ့သည်။ (၂၇-၁၂-၁၉၄၁)တွင် ထိုင်းနိုင်ငံ ဗန်ကောက်ရှိ ဦးလွန်းဖေ၏ နေအိမ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) (Burma Independence Army– BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် BIA သည် ဂျပန်အကူအညီဖြင့် အင်္ဂလိပ်တို့ကို မောင်းထုတ်ခဲ့သည်။ ၁၉၄၂ ခုနှစ် မေလတွင် ဗြိတိသျှတပ်များ အိန္ဒိယသို့ ဆုတ်ခွာသွားခဲ့သည်။ (၁-၈-၁၉၄၂) တွင် BIA ကို "ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)" "Burma Defence Army –BDA" ဟု ပြောင်းလဲဖွဲ့စည်းကာ လွတ်လပ်ရေးအတွက် အရှိန်မြှင့်တင်ခဲ့သည်။ ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်ရန် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် "ဖဆပလ" အဖွဲ့ချုပ်ကို လျှို့ဝှက်ဖွဲ့စည်းခဲ့သည်။ (၂၇-၃-၁၉၄၅) တွင် ဖက်ဆစ်ကို တိုက်ထုတ်ခဲ့ရာ (၁၇-၅-၁၉၄၅) တွင် ဂျပန်တို့ လက်နက်ချသည်။ "ဖဆပလ" အဖွဲ့ချုပ်အနေဖြင့် "ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခြင်းမှာ ဂျပန်တို့အား မြန်မာနိုင်ငံမှ အပြီးတိုင်တိုက်ထုတ်ရေးနှင့် မြန်မာ့လွတ်လပ်ရေးအတွက်ဖြစ်ပြီး မြန်မာအမျိုးသားတပ်မတော်သည် မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ....." အသံလွှင့်ကြေညာခဲ့သည်။ ထိုကာလသည် မကြုံစဖူးအောင်ပင် လူထုတစ်ရပ်လုံးက ဗိုလ်ချုပ်နှင့် ဖဆပလ၏ ဦးဆောင်မှုနောက်တွင် စည်းလုံးညီညာလိုက်ပါခဲ့ကြသည်ကိုလည်း တွေ့ရသည်။



မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အာဏာလွှဲပြောင်းပေးအပ်သော နု-အက်တလီစာချုပ်ကို မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီတို့ ၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် လန်ဒန်မြို့၌ လက်မှတ်ရေးထိုးကြစဉ်။

**လွတ်လပ်ရေးအတွက် ပြင်ဆင်ခြင်း**

(၂၇-၁-၁၉၄၇)တွင် ချုပ်ဆိုခဲ့သော "အောင်ဆန်း-အက်တလီစာချုပ်"၏ အပိုဒ်(၁)တွင် "တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပရန်" ဟူသည့် အချက်ပါဝင်လေသည်။ ထိုသို့ရွေးကောက်ပွဲကတိရရှိခြင်းမှာ လွတ်လပ်ရေးအတွက် ပထမအဆင့် အောင်မြင်မှုရရှိခြင်းဖြစ်ပြီး နိုင်ငံခြားသား မပါသော အာဏာအပြည့်အဝရှိသည့် "အမျိုးသားယာယီအစိုးရ" ဖွဲ့စည်းခွင့်ရရှိခြင်း ဖြစ်သည်။ ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပရာ "ဖဆပလ" က ၉၅ ဒသမ ၃ ရာခိုင်နှုန်း ရွေးကောက်ခံရသည်။ လွတ်လပ်ရေး ကြိုတင်ပြင်ဆင်သည့် ညီလာခံဟု ခေါ်ဆိုနိုင်သော "ဖဆပလ ပဏာမညီလာခံ" ကို (၁၉-၅-၁၉၄၇ မှ ၂၃-၅-၁၉၄၇ အထိ) ဂျူဗလီဟောတွင် ကျင်းပခဲ့သည်။ အဆိုပါညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဆိုင်ရာ အဆိုပြုချက် (၁၄) ချက်ကို အတည်ပြုနိုင်ခဲ့ပြီး လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အရေးပါသော ကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက နာယကအဖြစ် ဆောင်ရွက်သည့် "နယ်ခြားဒေသများနှင့် စေ့စပ်ရေးအဖွဲ့" ကိုလည်း ဖွဲ့စည်းနိုင်ခဲ့လေသည်။ ထို့နောက် (၁၀-၆-၁၉၄၇ )တွင် တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို ကျင်းပသည်။ ယင်းညီလာခံတွင် ဗိုလ်ချုပ်က အခြေခံဥပဒေဆိုင်ရာ လမ်းညွှန်အဆို (၇) ချက်ကိုတင်သွင်းခဲ့ရာ အားလုံးက သဘောတူသဖြင့် အခြေခံဥပဒေရေးဆွဲရေးကော်မတီကို အဖွဲ့ဝင် ၇၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ လွတ်လပ်ရေးအတွက် အရေးပါသော အာဏာလွှဲပြောင်းရေးစာချုပ်အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းရန် ဦးနုခေါင်းဆောင်သော အဖွဲ့က (၂၃-၆-၁၉၄၇) တွင် အင်္ဂလန်သို့ သွားရောက်ညှိနှိုင်းခဲ့ပေသည်။

တာဝန်ရှိသူများက လွတ်လပ်ရေးအတွက် နေ့မအား၊ ညမနား တက်တက်ကြွကြွဆောင်ရွက်နေကြစဉ်မှာပင် ဗိုလ်ချုပ်တို့ လုပ်ကြံခံလိုက်ရသည်။ သို့သော် ဗိုလ်ချုပ်မျှော်မှန်းသည့် လွတ်လပ်ရေးအတွက် ကျန်ရစ်သည့် ခေါင်းဆောင်များက မဆုတ်မနစ် ဆက်လက်ဆောင်ရွက်ကြရာ (၂၉-၈-၁၉၄၇) တွင် "လက်ျာ- ဖရီးမင်းစာချုပ်" ကိုလည်းကောင်း၊ (၁၇-၁၀-၁၉၄၇)တွင် "နု - အက်တလီစာချုပ်" ကိုလည်းကောင်း ချုပ်ဆိုနိုင်ခဲ့သည်။ (၁၀-၁၂-၁၉၄၇)တွင် "မြန်မာ့လွတ်လပ်ရေးဥပဒေ" (Bruma Independent Act) ကို ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းလိုက်သည်။

**လွတ်လပ်ရေးဇာတာဖွဲ့ခြင်း**

လွတ်လပ်ရေး ရရှိတော့မည်ဖြစ်၍ ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုက ပျဉ်းမနား ဆရာဦးသန်းမောင်နှင့် တပည့်ရင်းဖြစ်သူ ဆရာမောက်တို့ကို ခေါ်၍ လွတ်လပ်ရေးအခါဇာတာတွက်ရန် တာဝန်ပေးခဲ့ကြောင်း၊ သို့သော် ဗိုလ်ချုပ်နှင့်အတူ ဒီးဒုတ်ဦးဘချိုတို့ လုပ်ကြံခံရသဖြင့် ထိုလုပ်ငန်း ခေတ္တရပ်ဆိုင်းသွားခဲ့ကြောင်း၊ ထို့နောက် "နု- အက်တလီစာချုပ် " မချုပ်မီ ဇာတာအခါ ရက်ရွေးရန်လိုအပ်သဖြင့် ပြန်ကြားရေးဝန်ကြီးအသစ် သခင်လွန်းဘော်က ဆရာဦးသန်းမောင်အား တောင်းခံခဲ့ကြောင်း၊ သို့သော် စာအသွားအလာ ရက်ကြာသွားပြီး ဦးနုတို့ အင်္ဂလန်သို့ ယူမသွားနိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ရန်ကုန်မြို့ မဟာမြိုင်ကျောင်းတွင် ပညာရှင်များနှင့် စုပေါင်းတွက်ချက်ကြရာ ဇန်နဝါရီလ (၆) ရက်နှင့် (၈) ရက်ဟူ၍ မူကွဲများဖြစ်ပေါ်ခဲ့ကြောင်း၊ နောက်ဆုံးတွင် ဗိုလ်လက်ျာ၏ ဗေဒင်ဆရာ ပဲခူးဦးသက်တင်အပါအဝင် ဘုန်းကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦး ရွေးချယ်ပေးသည့် ဇန်နဝါရီလ (၄) ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီ မိနစ် ၂၀ ဖြစ်သွားကြောင်း သိရပါသည်။

**လွတ်လပ်ရေးအောင်ပွဲ**

(၄-၁-၁၉၄၈ ) ရက်နေ့တွင် လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကို ဝန်ကြီးများရုံးအတွင်းရှိ လွှတ်တော်အဆောက်အအုံတွင် ကျင်းပခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ယာယီသမ္မတကြီး စဝ်ရွှေသိုက်၊ ယာယီဝန်ကြီးချုပ် သခင်နုနှင့် ဝန်ကြီးများ၊ ယာယီလွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြ အစရှိသဖြင့် စုံလင်စွာ တက်ရောက်ခဲ့ကြသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြစ် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဟမ် (HMS Birmingham) စစ်သင်္ဘောမှ အခါတော်ကြားအမြောက်များ ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် လွှတ်တော်အဆောက်အအုံရှေ့ရှိ အလံတိုင်ပေါ်မှ ယူနီယံဂျက်အလံကို အောက်သို့ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည်။ ထို့နောက် လွှတ်တော်ခန်းမတွင် နေရာယူကြပြီး ယာယီသမ္မတက သမ္မတရာထူးတာဝန် လက်ခံသိမ်းပိုက်ကြောင်း ကြေညာခြင်း၊ အခြေခံဥပဒေ အတည်ပြုကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီး လွတ်လပ်ရေးအတွက် အသက်စွန့်သွားကြသူများအား သတိရသော အနေအားဖြင့် (၂) မိနစ် ငြိမ်သက်စွာ နေခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ် ဦးနုက "အောင်စေသတည်း" အစချီ လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားပြီး ဧည့်ပရိသတ်များက နိုင်ငံတော်သီချင်းကို သီဆိုကြသည်။

လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကျင်းပပြီးနောက် ထိုနေ့ နံနက် (၆) နာရီတွင် အလုံလမ်းရှိ အစိုးရအိမ်တော်၌ ယူနီယံဂျက်အလံကိုချပြီး မြန်မာနိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ ဘုရင်ခံ ဆာဟူးဘက်ရန့်စ် (Sir Huburt Rance)၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားပြီးလျှင် ဘုရင်ခံနှင့် ဇနီးတို့သည် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘာမင်ဟမ်သင်္ဘောဖြင့် အင်္ဂလန်သို့ ပြန်သွားကြလေသည်။ ထိုနေ့ (၄-၁-၁၉၄၈) တွင် ဗြိတိန်၊ အမေရိကန်၊ အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံများရှိ မြန်မာသံရုံးများတွင်လည်း လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြလေသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**စုပေါင်းအင်အားဖြင့်**

မြန်မာ့လွတ်လပ်ရေးခရီးလမ်း သမိုင်းကြောင်းကို ငဲ့စောင်းကြည့်သောအခါ လွတ်လပ်ရေးဟူသည် အကြောင်းကြောင်းကြောင့် ဆုံးရှုံးရန် လွယ်ကူနိုင်သော်လည်း ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရယူရန်မှာ မည်မျှခက်ခဲကြမ်းတမ်းပြီး အသက်၊ သွေး၊ ချွေးများ မည်မျှစတေးရကြောင်း အထင်အရှားတွေ့မြင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အေဒီ ၁၀၄၄ -၁၀၇၇ ခုနှစ် အနော်ရထာမင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁ -၁၅၈၁ ခုနှစ် ဘုရင့်နောင်မင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၇၅၂-၁၇၆၀ ခုနှစ် အလောင်းမင်းတရားလက်ထက်တွင်လည်းကောင်း စည်းလုံးညီညွတ်သောနိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သော်ငြား နန်းတွင်းအရေးတော်ပုံများ ရှုပ်ထွေးပြီး စည်းလုံးညီညွတ်မှုအားနည်းသောအခါ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

အနှစ်ချုပ်အားဖြင့် တင်ပြရပါလျှင် ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရရှိပြီးသော လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရင်းဖြင့် လွတ်လပ်ရေးဗိသုကာများ မျှော်မှန်းခဲ့သည့် ထာဝရငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် ၂၀၂၀ ပြည့်နှစ် (၇၂ ) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ကို စုပေါင်းအင်အားဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသတည်း။ ။

**ကိုးကား။** (၁) ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန၏ "၁၉၄၅ -၁၉၄၈ မြန်မာ့နိုင်ငံရေး"
(၂) ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ "မြန်မာ့လွတ်လပ်ရေးဇာတာဆောင်းပါး" (၂၉-၁၂-၂၀၁၄၊ ပြည်ထောင်စုနေ့စဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Akaba Kazuyoshi နှင့်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးကဏ္ဍ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ နည်းပညာ တိုးမြှင့်အသုံးချရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းကဏ္ဍအနေဖြင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ် တည်ဆောက်ရေး၊ ရေကြောင်းကဏ္ဍ အနေဖြင့် သီလဝါ၌ ဆိပ်ခံတံတားသစ် များ တည်ဆောက်ရေး၊ မန္တလေး ဆိပ်ကမ်းသစ်တည်ဆောက်ရေး၊ ရထား ကဏ္ဍတွင် ရန်ကုန် – မန္တလေးရထား လမ်း အဆင့်မြှင့်တင်ရေး၊ ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး၊ ရန်ကုန်မြို့ပြရထားပို့ဆောင်ရေး စီမံကိန်းများတွင် ရထားသံလမ်းပြုပြင်ရေး၊ နည်းပညာအဆင့်မြှင့်တင်ရေး သင်တန်းများတွင် မြန်မာနိုင်ငံမှ သင်တန်းသားများကို ဖိတ်ခေါ်၍ သင်ကြားပို့ချခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် လေကြောင်းကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးအတွက် Memorandum of Cooperation in the Field of Civil Aviation between the Department of Civil Aviation, Ministry of Transport and Com–munications of the Republic of the Union of Myanmar and the Civil Aviation Bureau, Ministry of Land, Infrastructure, Transport and Tourism of Japan နှင့် ဆိပ်ကမ်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် Letter of Cooperation between Myanma Port Authority, Ministry of Transport and Communications of the Republic of the Union of Myanmar and Ports and Harbours Bureau, the Ministry of Land, Infrastructure, Transport and Tourism of Japan တို့ကို သက်ဆိုင်ရာ ဌာနအကြီးအကဲများက လက်မှတ်ရေးထိုးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Akaba Kazuyoshi နှင့် အဖွဲ့အား Park Royal Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်




**ရန်ကုန် ဒီဇင်ဘာ ၂၇**
၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့ကို **“နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ”** ဟူသောခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့ဖြင့် ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel, Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်းနံပါတ် ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၆၇-၃၄၁၂၅၅၃ သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကောက်ယူမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
၂၀၂၀ ပြည့်နှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကောက်ယူမှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စာရင်းကောက်မှုနှင့်စပ်လျဉ်း၍ အရည်အသွေးရှိသည့် စာရင်းအင်းများရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ကြီးကြပ်ရေးမှူး၊ စာရင်းကောက်ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် စာရင်းမှန်ရရှိရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

Tablet ဖြင့် စစ်တမ်းကောက်ယူမှုအလုပ်ရုံဆွေးနွေးပွဲတွင် အိမ်ထောင်စုစာရင်းစဉ် Update ပြုစုခြင်း၊ လုပ်သားဆိုင်ရာ အယူအဆ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင် အမျိုးအစားခွဲခြားရေး စံထားအညွှန်းနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးအစား ခွဲခြားခြင်း စံချိန်စံညွှန်းအသုံးပြုပုံ၊ အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များဆိုင်ရာ မေးခွန်းများ၊ ကဏ္ဍအမျိုးမျိုးရှိလုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရရှိမှုဆိုင်ရာတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)ကို ကြီးကြပ်ရေးမှူး ၁၅ ဦးနှင့် စာရင်းကောက်သူ ၈၀ က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လထိ ကွင်းဆင်း စာရင်းကောက်ယူကြမည်ဖြစ်သည်။

**သန့်ဇော်**



# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ နိုဝင်ဘာလထိ)(ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၆၂၉၃ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၈၅၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် (နိုဝင်ဘာလထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၀၂ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၉၁ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၂၉၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် (နိုဝင်ဘာလထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၂၂ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၁၈ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၄၄၀ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၇၈၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၇၃ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၅၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည်–

တန်ဖိုး–ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉–၂၀၂၀ (နိုဝင်ဘာလထိ)(ယာယီ) | ၂၀၁၈–၂၀၁၉ (နိုဝင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/–) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၅၆၂.၃၉၂ | ၄၃၂.၂၂၉ | ၁၃၀.၁၆၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၄၁.၉၀၉ | ၉၉.၆၃၂ | –၅၇.၇၂၃ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၇၈.၃၇၆ | ၁၅၄.၈၁၆ | ၂၃.၅၆၀ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၀၅.၉၉၆ | ၂၁၆.၅၇၈ | ၄၈၉.၄၁၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၂၇.၇၄၀ | ၂၉.၄၇၈ | –၁.၇၃၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၆၃၀.၄၈၈ | ၁၃၄၄.၇၀၀ | ၂၈၅.၇၈၈ |
| ၇ | အခြားပစ္စည်းများ | ၅၄.၉၉၈ | ၁၄၄.၁၄၄ | –၈၉.၁၄၆ |
| | စုစုပေါင်း | ၃၂၀၁.၈၉၉ | ၂၄၂၁.၅၇၇ | ၇၈၀.၃၂၂ |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည်–

တန်ဖိုး–ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉–၂၀၂၀ (နိုဝင်ဘာလထိ)(ယာယီ) | ၂၀၁၈–၂၀၁၉ (နိုဝင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/–) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၀၅၀.၄၁၉ | ၉၇၀.၉၅၆ | ၇၉.၄၆၃ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၂၂၂.၃၉၇ | ၁၂၇၂.၈၁၄ | –၅၀.၄၁၇ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၈၁၈.၈၉၄ | ၇၇၄.၅၉၇ | ၄၄.၂၉၇ |
| | စုစုပေါင်း | ၃၀၉၁.၇၁၀ | ၃၀၁၈.၃၆၇ | ၇၃.၃၄၃ |

**စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင် လောင်စာလည်းရ ပြည်လည်းလှ**

ကြေးမုံ

# အစဉ်အားထည့်ရမည့် အမျိုးသားရေးအားမာန်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံတည်ဆောက်ခဲ့သော လွတ်လပ်ရေးနေ့ ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းစွမ်းအားဖြင့် အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ရယူခဲ့သော လွတ်လပ်ရေးနေ့ဖြစ်သည်။ ထိုမြန်မာ့လွတ်လပ်ရေးကို ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြရာ ၇၂ နှစ်ကာလသို့တိုင် ရောက်တော့မည်ဖြစ်သည်။

လွတ်လပ်ရေးနှင့်အတူ ပြည်သူများမှသက်ဆင်းလာသော နိုင်ငံ၏ အချုပ်အခြာအာဏာ အစွန့်ရှည်နေသမျှကာလပတ်လုံး ပြည်ထောင်စုသား တိုင်းရင်းသားပြည်သူအားလုံး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်နှင့် ကိုယ့်နိုင်ငံအခြေတင့်၍ မြင့်သထက်မြင့်အောင် ဆောင်ရွက်နိုင်သော အခွင့်အလမ်းများရှိပေသည်။ မြန်မာတို့၏ ဇာတိသွေး ဇာတိမာန် ရှင်သန်နိုးကြားမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မြဲသထက်မြဲအောင် တည်ဆောက်နိုင်ခြင်းသည် လွတ်လပ်ရေး အစွန့်ရှည်ကြာ တည်တံ့စေပေသည်။

မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်နှင့် စည်းလုံးညီညွတ်မှု စွမ်းပကားများသည် အမျိုးသားရေးအားမာန်များပင် ဖြစ်သည်။ အမျိုးသားရေးအားမာန်များထက်သန်နေသရွေ့ မြန်မာ့လွတ်လပ်ရေးသည်လည်း အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး အမျိုးသားရေးအားမာန်များ လျော့ကျလာသည်နှင့် လွတ်လပ်ရေးသည်လည်း ယိမ်းယိုင်ချည့်နဲ့လာမည်ဖြစ်သည်။ အမျိုးသားရေးအားမာန်ဟူသည် တိုင်းပြည်လွတ်လပ်ရေး ရယူပေးရေးသာမက တိုင်းပြည်တည်ဆောက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုဘဝမြင့်မားရေးအတွက် တွန်းအားပင်ဖြစ်သည်။

အမျိုးသားရေးအားမာန်သည် တိုင်းပြည်၏ လွတ်လပ်ရေး ရယူရေး၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့သာမက တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ကိစ္စအဝဝတို့ကိုပါ ဖော်ဆောင်ပေးနိုင်သော စွမ်းအားဖြစ်နေရာ တိုင်းပြည်၏ နေ့ထူးနေ့ရက်အခါသမယတွင် ဖော်ညွှန်းထားသော အမျိုးသားရေးဦးတည်ချက်များ၏ အမျိုးသားရေးအားမာန်များဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းနှိုးဆော်ကြရမည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ထားသည်။

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို မမှိတ်မသုန်နှလုံးသွင်းပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် ရရှိပြီးသော လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည့်အပြင် လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးဦးတည်ချက်များ၊ အမျိုးသားရေးအားမာန်များကို မြဲမြံခိုင်ကျည်အောင် အစဉ်နှလုံးသွင်းနိုင်မှ၊ ကြိုးပမ်းအားထုတ်နိုင်မှ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်သည်။ အမျိုးသားရေးအားမာန်များသည် လွတ်လပ်ရေးနှင့် ထိုက်တန်သည့် တိုင်းပြည်ဂုဏ်ဒြပ်ကို ဆောင်ကြဉ်းပေးနိုင်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

### စံ (၅)ချက်

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် သတ်မှတ်ထားသောစံ (၅)ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်း ဖြစ်ရမည်ဆိုသည့်အချက်များနှင့်အညီ ကျင်းပပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ မြို့နယ်များအလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ပြီး ဖြစ်ပါကြောင်း။

စီမံချက်၏ အပိုင်း(၁)တွင် လူဦးရေ စာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်း၊ အပိုင်း(၂)တွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အပိုင်း(၃)တွင် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုင်း(၄)တွင် အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းဟူ၍ အပိုင်း(၄)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုကာလသည် စီမံချက်၏ အပိုင်း(၃)ဖြစ်သော ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသည့်အချိန် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့်လည်း အမှားအယွင်းကင်းသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအတွက် ပြောင်းလဲနေသော မဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို သေချာစွာ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီမံချက်၏ အပိုင်း(၄)ဖြစ်သော အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစေရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး မဲဆန္ဒရှင်အသိပေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့မှသာ မှန်ကန်ပြည့်စုံသည့် မဲဆန္ဒရှင်စာရင်းကို ရရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် အရာထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အုပ်စု (၃)အုပ်စုခွဲ၍ နေပြည်တော်တွင် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို တက်ရောက်ခဲ့သည့် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်းများက သက်ဆိုင်ရာ ခရိုင်များအလိုက် ဆင့်ပွားသင်တန်းများကို ဆက်လက်ပို့ချရမည်ဖြစ်ပါကြောင်း၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်၊ ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန်အတွက် ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်၍ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ရာဇဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(အင်္ဂပူမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၃ ၊ ၄ )ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

နန်ကသူခန်းမ ၊ အ.ထ.က-ကွင်းကောက် ၊ အင်္ဂပူမြို့။

## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း အစီအစဉ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော ရန်ကုန်စာအုပ်လမ်း၏ အပတ်စဉ် အစီအစဉ်များအဖြစ် ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စာရေးဆရာ မော်ဝန်းကြည်မြတ်၏ ''စာပေစကားနေ့တိုင်းကြားလော့'' ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ ညနေ ၃ နာရီတွင် ကြယ်စင်စာအုပ်တိုက်မှ နာမည်ကြီး စာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် ''မေးကြည့် ဖြေကြည့်ပဟေဠိ'' အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စာပေချစ်မြတ်နိုးသူတို့ လာရောက်လေ့လာဖြေဆို၊ ဝယ်ယူနိုင်ပါကြောင်း သိရသည်။ **ကြေးမုံ**

# သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး(အင်းစိန်) ခြောက်ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၇**

သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး(အင်းစိန်) ခြောက်ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အဦ၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ခြောက်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ခြောက်ထပ်ဆောင်သစ်ကြီး တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် လူနာများအနေဖြင့် သက်သာချောင်ချိစွာ ကုသမှုခံယူနိုင်မည်ဖြစ်ပြီး လူနာတစ်ဦးမှ တစ်ဦးထံသို့ ရောဂါပိုးကူးစက်နိုင်ခြေများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များအနေဖြင့်လည်း ပိုမိုအဆင်ပြေစွာ ကုသမှုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း။

ယခုအဆောင်သစ် အပါအဝင် ဆေးရုံကြီးတစ်ခုလုံးနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရောဂါပိုးများသယ်ဆောင်သည့် ခြင်၊ ယင် အစရှိသည့် ပိုးမွှားများ ကင်းရှင်းရေးအတွက် ဆေးရုံကြီးမှ တာဝန်ရှိသူများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ လူနာနှင့် လူနာစောင့်များအနေဖြင့်လည်း ဆေးရုံတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းတို့ကို လုံးဝရှောင်ကြဉ်ကြရန် အရေးကြီးပါကြောင်း၊ ဆေးရုံကြီးသို့ အနီးရှိမြို့နယ်များ အပါအဝင် နေရာဒေသအသီးသီးမှ လူနာများက အားကိုးအားထားပြုလာရောက်ကုသမှု ခံယူနေသည်ကို တွေ့ရှိရပါကြောင်း။

ဆေးရုံကြီးမှ တာဝန်ရှိသူများအနေဖြင့် ဆေးရုံသို့ လာရောက်ကုသမှုခံယူသည့် လူနာများ၏ နေထိုင်ရာနေရာဒေသ၊ ရောဂါအမျိုးအစား၊ ရာသီအလိုက်၊ နှစ်အလိုက် ရောဂါဖြစ်ပွားမှု၊ ခွဲစိတ်ခွဲနှင့် ခွဲစိတ်မှန်စမ်းသပ်မှု၊ ကုသမှုအမျိုးမျိုး၊ သွေးသွင်းကုသမှုများစသည့် စာရင်းဇယားများကို စနစ်တကျ ပြုစုထားရှိရမည်ဖြစ်ကာ ဆေးရုံသတင်းအချက်အလက်စနစ် ခိုင်မာအားကောင်းစေရေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆေးရုံနှစ်ပတ်လည်အစီရင်ခံစာကိုလည်း ပြုစုထုတ်ဝေသွားရမည်ဖြစ်ပြီး စာရင်းဇယားများကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်၍ နောင်ကာလများအတွက် လိုအပ်မည့် ဆေးဝါး၊ ဆေးပစ္စည်းကိရိယာ၊ ခွဲစိတ်ခွဲစမ်းသပ်မှုပစ္စည်းကိရိယာ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ လူနာဆောင်တို့ကို တိကျစွာ တွက်ချက်သွားနိုင်မည်ဖြစ်ပါကြောင်း။

### ကြိုတင်ကာကွယ်

ယခုကဲ့သို့ ရောဂါဖြစ်ပွားသူများအား ကုသမှုပေးရန် ဆေးရုံအဆောင်သစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းထက် ပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတကြွယ်ဝကာ ရောဂါဖြစ်ပွားမှုများမှ ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုရှိပါကလည်း စောစီးစွာ စနစ်တကျ ကုသမှုခံယူရန်မှာ ပိုမိုအရေးကြီးပါကြောင်း၊ အထူးသဖြင့် မကူးစက်တတ်သော ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးနှင့် နှလုံးသွေးကြောရောဂါများသည် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါကြောင်း။

ဆေးရုံကြီး ဘက်စုံပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆေးရုံအထောက်အကူပြုအဖွဲ့၊ ဆေးရုံမှ တာဝန်ရှိသူများ၊ ပြည်သူများအားလုံးက မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လက်တွေ့မြေပြင်အခြေအနေများနှင့် အမှန်တကယ်ကိုက်ညီမည့် လုပ်ဆောင်ချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ပိုမိုတိုးတက်ဖွံ့ဖြိုးမှုများ ရရှိစေရေးအား စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ပံ့ပိုးဆောင်ရွက်မှုများပြုလုပ်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိဆေးရုံများသို့အနယ်နယ်အရပ်ရပ်မှ လူနာများ လာရောက်ကုသမှုခံယူလျက်ရှိခြင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဝင်ပေါက်နေရာတွင်ရှိနေသော အင်းစိန်ဆေးရုံကြီးတွင် လူနာဆောင်သစ်ဆောက်လုပ်ခြင်းဖြင့် လူနာများအတွက် ကောင်းမွန်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်ဝရေး (quality control)ကိစ္စရပ်များတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သည်များကို မိမိတို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး (အင်းစိန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာမေစန်းချိုက နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၇၉၈ သန်း အကုန်အကျခံတည်ဆောက်ခဲ့သည့် တိုးချဲ့ခြောက်ထပ်ဆောင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခြောက်ထပ်ဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ တိုးချဲ့လေးထပ်ဆောင်ဆောက်လုပ်ရာနေရာသို့ ရောက်ရှိပြီး တိုးချဲ့လေးထပ်ဆောင်ကို လှည့်လည်ကြည့်ရှု၍ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်၊ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ဝန်ထမ်းများက တင်ပြလာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၂ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)
**ရခိုင်ပြည်နယ်တရားလွှတ်တော်**
**တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅၊ ပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈ ၊ ပုဒ်မခွဲ (ဃ) တို့ပါပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(၁) ဒေါ်နွယ်နွယ်ခိုင်
(၂) ဦးအောင်ထွန်းသိန်း

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၁၉-၁၂-၂၀၁၉ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၁-၁၀-၂၀၁၉ ရက်နေ့မှ ၂၉-၁၁-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၁၉ ဦး၊ ပေါင်း ၂၃ ဦးကိုလည်းကောင်း သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၂၂ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၁၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၇၆၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၆၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၆၃၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းတာသည့် စက်ကိရိယာများ ဂျပန်နိုင်ငံမှ လာရောက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဂျပန်နိုင်ငံ Konica Minolta ကုမ္ပဏီမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ခြောက်သောင်းနီးပါးတန်ဖိုးရှိ မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းတာသည့် စက်ကိရိယာ ၁၁ ခုအား Myanmar Pediatric Society (မြန်မာနိုင်ငံကလေးဆရာဝန်များအဖွဲ့)သို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ရန်ကုန်ကလေးဆေးရုံကြီးတွင် ပြုလုပ်သည်။

### စက်ကိရိယာများ လှူဒါန်း

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ Kagawa University တို့ ပြုလုပ်နေသည့် မြန်မာနိုင်ငံ မွေးကင်းစကလေးအသားဝါလျှော့ချရေးစီမံချက်ကို အထောက်အကူပြုစေရန် Kagawa University နှင့် Konica Minolta ကုမ္ပဏီတို့က ယခု ကဲ့သို့ စက်ကိရိယာများ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ Kagawa University မှ ကလေးကျန်းမာရေးဌာန ပါမောက္ခ/ဌာနမှူး Takashi Kusaka က ''မွေးကင်းစအသားဝါရောဂါဟာ ဘာ့ကြောင့်အရေးကြီးလဲဆိုရင် ဒီအသားဝါဓာတ်တွေဟာ ဦးနှောက်ကို ရောက်သွားရင် ဦးနှောက်ထိခိုက်ပြီး ဉာဏ်ရည်နိမ့်တာတို့၊ အရိုးအကြောကြွက်သားတွေ မလှုပ်ရှားနိုင်တာတို့ အဲဒီလိုဖြစ်ပြီးတော့ တစ်သက်တာမိသားစုအတွက်လည်း မကောင်းဘူး၊ နာတာရှည်ရောဂါမျိုးဖြစ်တဲ့အတွက် အတော့်ကို လျှော့ချချင်တယ်။ မြန်မာနိုင်ငံမှာလည်း ဒီမွေးကင်းစကလေးနဲ့ပတ်သက်တဲ့ အသားဝါမှုတွေက အခုထိရှိသေးတယ်ဆိုတော့ Kagawa University နဲ့ Konica Minolta နဲ့ ပေါင်းပြီးတော့ ဒီစီမံကိန်းကို စပြီးတော့ မြန်မာနိုင်ငံက ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) နဲ့ပူးပေါင်းပြီး လုပ်ရခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ Kagawa University မှ ပါမောက္ခ Takashi Kusaka၊ ပါမောက္ခ Saneyuki Yasuda နှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး မွေးကင်းစကြပ်မတ်ဆောင်မှ ပါမောက္ခ ဒေါက်တာနမ့်စန်းစန်းအေးတို့က စီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းစက်ကို လှူဒါန်းသော Konica Minolta ကုမ္ပဏီမှ General Manager Mr. Hiroshi Mori က လှူဒါန်းရခြင်းအကြောင်း လှူဒါန်းဖြစ်ပုံကို ရှင်းလင်းပြောကြားခဲ့ပြီး လှူဒါန်းသည့် ကိရိယာများအား Myanmar Pediatric Society မှ ပါမောက္ခဌာနမှူး ဒေါက်တာရဲမြင့်ကျော်၊ ပါမောက္ခ ဒေါက်တာလှမြတ်နွယ်တို့က လက်ခံသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး မွေးကင်းစကလေးအထူးကြပ်မတ်ကုသဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနမ့်စန်းစန်းအေးက ''မွေးကင်းစကလေးတွေ ရင်ဘတ်ပေါ်ကို ဒီစက်ကလေးနဲ့ ထောက်ကြည့်ပြီး ရလာတဲ့အဖြေကို Nomogram ပေါ်မှာ ဖတ်ကြည့်ပြီး လိုအပ်မှသာလျှင် ကလေးကို အဝါဓာတ်အတွက် သွေးကိုဖောက်စစ်ပါတယ်။ အကျိုးကျေးဇူးကတော့ မလိုအပ်ဘဲ သွေးစစ်စရာမလိုတော့ဘူး၊ စောစောစီးစီးလည်း ကြိုတင်ပြီး စမ်းသပ်နိုင်တဲ့အတွက်ကြောင့် ကလေးအသားဝါတာကို အချိန်မီကုသနိုင်တဲ့အတွက်ကြောင့် အသားဝါနောက်ဆက်တွဲဆိုးကျိုးကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးလဲရန့်ရှုန်းအလွန်ကို နည်းပါးသွားပါတယ်၊ ကလေးတွေအတွက် အများကြီးကောင်းကျိုးတွေရသွားမယ်''ဟု ပြောသည်။

အဆိုပါကိရိယာများအား ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အဓိကထားရှိသွားမည်ဖြစ်ကာ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အရှေ့ပိုင်းဆေးရုံ၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံနှင့် သဃ်န်းကျွန်းဆေးရုံများသို့ပါ ပေးအပ်သွားမည်ဖြစ်ပြီး ယနေ့အခမ်းအနားတွင် ဂျပန်နိုင်ငံ Kagawa University မှ ပါမောက္ခ၊ ဆရာဝန်များက စက်ကိရိယာများအသုံးပြုပုံကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။ **သီသီမင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂီတအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေး



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ဂီတအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကာကွယ်စောင့်ရှောက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ဂီတနယ်ပယ်မှ အသင်းအဖွဲ့အချင်းချင်း စုဖွဲ့ပြီး မိမိတို့လုပ်ငန်း တိုးတက်ရာ တိုးတက်ကြောင်း ကိစ္စများနှင့် မိမိတို့ အကျိုးစီးပွား ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ခြင်းတို့သည် ဂီတလောကဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးအတွက် ကောင်းသည်ဟု မြင်ပါကြောင်း၊ အနုပညာသမားများ အနေဖြင့် နိုင်ငံတကာကလုပ်နေသည့် အနုပညာအကျိုးစီးပွား ကာကွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် နှိုင်းယှဉ်၍ ယနေ့ခေတ်တွင် တည်ဆဲဥပဒေများနှင့်အညီ လွတ်လပ်စွာလုပ်ဆောင်နိုင်ပါကြောင်း၊ ယခုမူပိုင်ခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းပြီးဖြစ်ရာ အနုပညာတစ်ရပ်ဖြစ်သော ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာများနှင့် ပူးပေါင်းပြီး မိမိတို့လောက အကျိုးစီးပွားနှင့် ရှင်သန်ရပ်တည် ဖွံ့ဖြိုးမှုတို့ကို ပီပီသသလုပ်ဆောင်သွားနိုင်မည်ဟု မြင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့်လည်း သက်ဆိုင်သည့် အစိတ်အပိုင်းများတွင် လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတေးသံရှင်များအသင်း၊ မြန်မာနိုင်ငံတေးရေးပညာရှင်များအသင်း၊ အသင်းအဖွဲ့ လျှောက်ထားဆဲဖြစ်သည့် တေးသီချင်းမူပိုင်ထုတ်လုပ်သူများ အသင်းတို့မှ တက်ရောက်လာကြသည့် မြန်မာပြည်သိန်းတန်၊ ဦးမြင့်မိုးအောင်၊ ဦးမင်းချစ်သူ၊ ဥဩမောင်မောင်၊ အကော်ဒီယံဦးအောင်မင်းနိုင်၊ ဦးကြည်မင်းသိန်း၊ အနုဂ္ဂနှင့် ရေဗက္ကာဝင်းတို့က စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တေးသီချင်း အနုပညာကြေးနှင့် ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနက တည်ဆဲဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရန်အသင်းများအလိုက် ဆောင်ရွက် သွားနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဂီတအသင်းအဖွဲ့များမှ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာ ရှင်းလင်းဆွေးနွေး




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ပူးပေါင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာယီခိုလှုံရာစခန်းများရှိ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ UN ၊ INGO ၊ NGO အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းနေရပ်စွန့်ခွာကြသူများအား လိုအပ်သော ကာကွယ်စောင့်ရှောက် ထောက်ပံ့မှုများပေးနိုင်ရန် ယာယီခိုလှုံရာစခန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများသည် မိမိတို့၏ အိုးအိမ်များ၊ အလုပ်အကိုင်များ၊ ကျန်းမာရေးနှင့် ပညာရေးလက်လှမ်းမီမှုအခြေအနေများ ပျက်ပြားခဲ့ကြရကြောင်း၊ ယာယီခိုလှုံရာစခန်းများသည် ယာယီသာဖြစ်သင့်ကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ လူမှုဘေးဒုက္ခများ ပိုမိုခံစားလာကြရမည်ဖြစ်ကြောင်း။

**အမြန်ပိတ်သိမ်းနိုင်ရန် လိုအပ်**

ထို့ကြောင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ပါက ယာယီခိုလှုံရာစခန်းများကို အမြန်ပိတ်သိမ်းနိုင်ရန် လိုအပ်ပါကြောင်း၊ လက်တွေ့တွင် အလျင်အမြန်ပိတ်သိမ်းရန်မှာ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး စနစ်တကျ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိကာ မှီခိုမှုကင်းသောဘဝများကို ပြန်လည်တည်ဆောက်ရေးသည် အထူးလိုလားအပ်သော မျှော်မှန်းရလဒ်ဖြစ်ပါကြောင်း။

**စံပြနမူနာကောင်းတစ်ခုဖြစ်**

ကရင်ပြည်နယ်သည် အပစ်အခတ်ရပ်စဲမှုနှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဖော်ဆောင်ရာတွင် စံပြနမူနာကောင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ပြီး ငြိမ်းချမ်းမှု၏ အသီးအပွင့်များကို ပိုမိုခံစားရသော ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ သို့သော်လည်း နေရပ်စွန့်ခွာခဲ့ရသူများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် များစွာလိုအပ်နေသေးကြောင်း၊ အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သာတူညီမျှခံစားရရှိရေးကို ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်များအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ကရင်ပြည်နယ်သည် ဦးစားပေးစာရင်းတွင် ပါဝင်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ရာတွင် ပါဝင်သကဲ့သို့ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့မှုအစီအစဉ်တွင် ကရင်ပြည်နယ်ကို ငြိမ်းချမ်းရေးဖြစ်စဉ်အရဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိနေသော ယာယီစခန်းများကို စနစ်တကျပိတ်သိမ်းနိုင်ရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများပေးနိုင်ရန် လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ပါကြောင်း၊ မဟာဗျူဟာကို အသေးစိတ်လေ့လာပြီး မိမိဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များကို ပူးပေါင်းရေးဆွဲအကောင်အထည်ဖော် ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်သည် ရေရှည်တည်တံ့ရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တင်ပြ**

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းရာ ဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးစိုးအောင်က ဆောင်ရွက်လျက်ရှိသော ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ(MJU)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂဥက္ကဋ္ဌ ဦးဇော်သက်ထွေး၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်မှ အလုပ်အမှုဆောင် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**တွေ့ဆုံ**

ဆက်လက်၍ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာ မျိုးသန့်တင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်နိုင်(ထက်မြက်)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်၊ သွင်းကုန်ရုံး (ရန်ကုန်)၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ရှေ့ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေးက တွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်က ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ယှဉ်ပြိုင်မှုကော်မရှင်၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ထားရှိမှုတို့အပေါ် သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်တို့က ပြန်လည်ဆွေးနွေးဖြေကြားသည်။

ယှဉ်ပြိုင်မှုဥပဒေ၏ ရည်ရွယ်ချက်မှာ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ဆောင်ရွက်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု၊ ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်ရန်၊ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်တို့ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်တွင် စတင်ပြဋ္ဌာန်းကာ ၂၀၁၇ ခုနှစ်တွင် အာဏာသက်ရောက်သဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် တစ်နှစ်တာကာလအတွင်း တိုင်ကြားစာများနှင့် အကြံပြုစာများ မြောက်မြားစွာရရှိခဲ့သဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမှုများ ပြုလုပ်ခဲ့သည့်အပြင် တိုင်ကြားမှုအနေဖြင့် ၁၀ မှုရှိခဲ့ကာ လေးမှုကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်မှုဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေအကြောင်းအရာ ပြဋ္ဌာန်းချက်များနှင့် အနှစ်သာရများကို သတင်းမီဒီယာများ သိရှိနားလည်ပြီး ထိုမှတစ်ဆင့် ပြည်သူများထံ ပြန့်ပွားသိရှိသွားစေရန် ရည်ရွယ်ကာ အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

❖ **ကျောဖုံးမှ**

အကောင်းဆုံးနည်းပြဆုနှင့် လူငယ်ကစားသမားဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ ဦးအောင်နိုင် (ရှမ်းယူနိုက်တက်)၊ လူငယ်အကောင်းဆုံး အမျိုးသမီးဆုရ ဖြူဖြူဝင်း၊ အမျိုးသားဆုရ မြတ်ကောင်းခန့် (ရတနာပုံ)၊ အကောင်းဆုံး ကစားသမားဆုရ အမျိုးသမီး ရီရီဦးနှင့် အမျိုးသား ဒေးဗစ်ဒန်း (ရှမ်းယူနိုက်တက်) တို့က ရရှိခဲ့သည်။

လူငယ်အကောင်းဆုံး အမျိုးသားဆုတွင် မြတ်ကောင်းခန့်က လွင်မိုးအောင် (ရှောဝတီ) နှင့် ရဲမင်းသူ (ရှမ်း)တို့ကို ကျော်ဖြတ်၍လည်းကောင်း၊ အမျိုးသမီးဆုတွင် ဖြူဖြူဝင်းက စန်းသော်သော်နှင့် ဇူးလတ်နဒီတို့ကို ကျော်ဖြတ်၍လည်းကောင်း ရရှိခဲ့သည်။ အကောင်းဆုံးနည်းပြဆုကို ဦးအောင်နိုင်က ဦးမျိုးလှိုင်ဝင်း (ရှောဝတီ)နှင့် ဦးတင်မောင်ထွန်း (ရန်ကုန်) တို့ကို ကျော်ဖြတ်၍လည်းကောင်း၊ အကောင်းဆုံး ကစားသမား အမျိုးသားဆုတွင် ဒေးဗစ်ဒန်းက မောင်မောင်လွင် (ရန်ကုန်)နှင့် လှိုင်းဘိုဘို (ရတနာပုံ) တို့ကို ကျော်ဖြတ်၍လည်းကောင်း၊ အမျိုးသမီးဆုတွင် ရီရီဦးက ခင်မာလာထွန်းနှင့် ခင်သန်းဝေတို့ကို ကျော်ဖြတ်၍လည်းကောင်း ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။



အကောင်းဆုံးကစားသမားဆုရ ဒေးဗစ်ဒန်းနှင့် ရီရီဦးတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ အမျိုးသမီးဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်တို့နှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ MNL-2 ယူ-၁၈ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် အား/ကာသိပ္ပံအသင်း၊ ယူ ၂၀ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြဝတီအသင်း၊ MNL ယူ-၁၉ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်း၊ ယူ-၂၁ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MFF Youth အသင်း၊ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ချင်းယူနိုက်တက်အသင်း၊ MNL-2 ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရ အား/ကာသိပ္ပံအသင်းနှင့် MNL ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရ ရှောဝတီအသင်း၊ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် အား/ကာသိပ္ပံအသင်းကို ချန်ပီယံဆုဖလား၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် MIU ဖူဆယ်အသင်း၊ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သည့် မြန်မာယူ-၂၂ အမျိုးသားအသင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတို့အား ဆုကြေးငွေများ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်အသင်း၊ MNL အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ ရှမ်းယူနိုက်တက်အသင်း၊ ဒုတိယဆုရ ရှောဝတီအသင်းနှင့် တတိယဆုရ ရန်ကုန်အသင်း၊ MNL-2 ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးဆုရ ဆူလီဗန် (ချင်းယူနိုက်တက်)၊ MNL ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးဆုရ ဝင်းနိုင်စိုး (ရတနာပုံ)၊ အကောင်းဆုံးနည်းပြဆုရ ဦးအောင်နိုင် (ရှမ်းယူနိုက်တက်)၊ လူငယ်အကောင်းဆုံး အမျိုးသမီးဆုရ ဖြူဖြူဝင်း၊ အမျိုးသားဆုရ မြတ်ကောင်းခန့် (ရတနာပုံ)၊ အကောင်းဆုံးကစားသမားဆုရ အမျိုးသမီး ရီရီဦးနှင့် အမျိုးသား ဒေးဗစ်ဒန်း (ရှမ်းယူနိုက်တက်) တို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်နှင့် တာဝန်ရှိသူများ၊ ကလပ်အသင်းများနှင့် စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **ရှိုင်းထက်ဇော်**

❍ **၂၀၂၀ ရာသီမှ**

လာမည့်ရာသီတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် တန်းတက် အား/ကာ သိပ္ပံအသင်းသည် ဒီဇင်ဘာ ၂၇ ရက်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ရာ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ရှိလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အပါအဝင် ရှောဝတီ၊ ရတနာပုံ၊ ရန်ကုန်၊ ဟံသာဝတီ၊ ရခိုင်၊ စစ်ကိုင်း၊ မကွေး၊ ဇွဲကပင်၊ Southern၊ ချင်းယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကျင်းပမည်**

ပြိုင်ပွဲကို ဇန်နဝါရီ ဒုတိယပတ်မှ စက်တင်ဘာနောက်ဆုံးပတ်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ဇယားကို ယခုရက်ပိုင်းအတွင်း အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီတွင် MNL ကလပ်အသင်းများအတွက် အမှတ်ပေးပြိုင်ပွဲအပြင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကိုပါ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မြေသားလမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပဲခူး ဒီဇင်ဘာ ၂၇

ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၇ ရက်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂ ဒသမ ၅၃ သန်းဖြင့် Grate Myanmar BK ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စု ကော့ပျဉ်ဝိုင်ကျေးရွာ ကုန်ထုတ်လမ်း (မြေသားလမ်း၀/၅ဒသမ၃၀၄မိုင်) ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**

# ရုပ်ရှင် နှစ် (၁၀၀)ဆိုတဲ့ သက်တမ်းက အလွန်ရှည်တယ်။ ဒီကြားထဲမှာ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေကလည်း အများကြီးပါပဲ

ဒေါ်မိမိခိုင် အမှုဆောင်အရာရှိချုပ် (JCGV Cinema)

တွေ့ဆုံမေးမြန်း - ရီရီမြင့်

ဓာတ်ပုံ - ဇော်မင်းလတ်

(၂၆ - ၁၂ - ၂၀၁၉ ရက်နေ့မှအဆက်)

**ဒေါ်မိမိခိုင်**
**အမှုဆောင်အရာရှိချုပ် (JCGV Cinema)**

ရုပ်ရှင်ကဏ္ဍ တိုးတက်လာဖို့အတွက် ထုတ်လုပ်ရေး၊ အတတ်ပညာရှင်၊ အနုပညာရှင်တွေအားလုံးက အရေးကြီးတဲ့ အခန်းကဏ္ဍတွေမှာ ပါဝင်နေပြီး ရုပ်ရှင်ရုံတွေအနေနဲ့ ဖန်တီးထုတ်လုပ်ထားတဲ့ အနုပညာလက်ရာတွေကို အများပြည်သူတွေလက်ထဲရောက်အောင် ချပြလို့ရမယ့် ပြတင်းပေါက်တစ်ခုဖြစ်တဲ့အတွက် မရှိမဖြစ် ကဏ္ဍတစ်ခုလို့ ခံယူထားပါတယ်။

အနုပညာလက်ရာတွေကနေ ပေးချင်တဲ့ အကြောင်းအရာ၊ အချက်အလက်၊ အတွေးအခေါ်တွေသာမကဘဲ တိုင်းပြည်တစ်ခုရဲ့ယဉ်ကျေးမှု၊ တိုင်းပြည်ကို Promote လုပ်ချင်တာတွေ အားလုံးကို ပြည်တွင်းသာမက ပြည်ပရှိ အများပြည်သူတွေကို ရုပ်ရှင်ရုံတွေကနေ ချပြလို့ရတာဖြစ်တဲ့အတွက် ပြည်သူတွေအတွက်သာမက တိုင်းပြည်အတွက် အကျိုးပြုနေတဲ့ လုပ်ငန်းတစ်ခုပါလို့ ပြောချင်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ရုပ်ရှင်ရုံအရေအတွက် အလွန်ကိုနည်းပါးနေပါသေးတယ်။ မြေဈေးတွေကြီးတယ်။ ဆောက်လုပ်ရေးစရိတ်တွေမြင့်မားတဲ့အတွက် အရည်အသွေးမီတဲ့ ရုပ်ရှင်ရုံတွေပေါ်ထွက်လာဖို့ အခက်အခဲတွေ အများကြီးရှိနေပါသေးတယ်။ JCGV ရုပ်ရှင်ရုံတွေရဲ့ အားသာချက်တွေကတော့ JCGV ရုံတွေက Multi Screen တွေဖြစ်ပြီး Lifestyle Cinema ကို ဖန်တီးပေးနေတာလို့ ပြောလို့ရပါတယ်။ JCGV ရုပ်ရှင်ရုံတွေက လက်ရှိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ မော်လမြိုင်မြို့တွေမှာ ဖွင့်လှစ်ထားပြီး ရုပ်ရှင်ရုံပေါင်း ကိုးရုံနဲ့ ပိတ်ကားပေါင်း ၂၈ ခုကို ဖွင့်လှစ်ထားပါတယ်။

စောစောကပြောခဲ့သလိုပဲ JCGV ရုံတွေက Lifestyle Cinema ကို ဖော်ဆောင်နေတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး Premium Cinema၊ Cine & Foret Cinema တို့ကို ဖွင့်လှစ်နိုင်ခဲ့တဲ့အပြင် ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ပထမဦးဆုံး Real-Time Online လက်မှတ်ဝယ်ယူနိုင်ဖို့အတွက် Payment Channel မျိုးစုံနှင့် ချိတ်ဆက်ဝန်ဆောင်မှုပေးနိုင်ခဲ့တဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ များမကြာမီမှာလည်း JCGV Prepaid Card ကို ထပ်မံမိတ်ဆက်ပေးဖို့ကိုလည်း စီစဉ်ဆောင်ရွက်နေတာကို ရှေ့ပြေးသတင်းပေးချင်ပါတယ်။

ရုပ်ရှင် နှစ် (၁၀၀)ဆိုတဲ့ သက်တမ်းက အလွန်ရှည်တယ်။ ဒီကြားထဲမှာ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေကလည်း အများကြီးပါပဲ။ ကျွန်မတို့တောင် မမီခဲ့တဲ့ အခက်အခဲတွေရှိခဲ့မှာပါ။ ကျွန်မတို့ကလည်း ဒီအခက်အခဲကို အတွေ့အကြုံယူပြီးတော့ နောက်ပိုင်း ရုပ်ရှင်နဲ့ပတ်သက်တဲ့ နိုင်ငံတကာရဲ့ အတွေ့အကြုံတွေအပေါ်မူတည်ပြီး ရုပ်ရှင်ရုံတွေကရော၊ ရုပ်ရှင်လောကသားတွေကရော၊ ရုပ်ရှင်အနုပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေကရော အားလုံးပူးပေါင်းပြီးတော့ ဒီထက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရုပ်ရှင်လောကကြီးက ရုပ်ရှင်ရုံတစ်ခုတည်းနဲ့မရဘူး။ ပညာရှင်တွေရော၊ တတ်ကျွမ်းသူတွေရော၊ အနုပညာရှင်တွေရော ပေါင်းစပ်ပြီး အားလုံးစိတ်တူကိုယ်တူ ကြုံတွေ့နေတဲ့ အခက်အခဲတွေကို ဟန်ချက်ညီညီ ဖြေရှင်းပြီးတော့ တိုးတက်အောင် လုပ်ဆောင်သွားဖို့ လိုပါတယ်။

**ဒေါ်သဲသိမ့်ဝါ**
**မန်နေဂျင်းဒါရိုက်တာ (Mega Ace Cineplex)**

ရုပ်ရှင်ရုံတွေ တည်ဆောက်ထားတာ အပိုင်းသုံးပိုင်းရှိတယ်။ နည်းပညာပိုင်းရယ်၊ စီးပွားရေးပိုင်းရယ်၊ ဖျော်ဖြေရေးအပိုင်းရယ် အပိုင်းသုံးပိုင်းဖွဲ့စည်းပြီး ရုပ်ရှင်ရုံတစ်ခုကို တည်ဆောက်ထားတယ်။ ရုပ်ရှင်ရုံတစ်ခုရဲ့ နည်းပညာပိုင်းမှာ ပရိုဂျက်တာတွေ၊ စပီကာတွေ စသဖြင့် အရုပ်၊ အသံပေါင်းစည်းပြီးတော့ ရုပ်ရှင်ချစ်ပရိသတ်တွေကို တင်ပြဖို့အတွက် စီစဉ်ထားရတာပေါ့။ လူတွေက အခုနောက်ပိုင်း ဖုန်း၊ လက်တော့ပ်၊ တီဗွီတွေကနေ ရုပ်ရှင်ဇာတ်လမ်းတွေကို ကြည့်လို့ရတယ်။ ဒါပေမယ့် အဲဒီမှာ ကြည့်တဲ့ခံစားချက်နဲ့ ရုပ်ရှင်ရုံမှာ လာကြည့်တဲ့ ခံစားချက်၊ အတွေ့အကြုံဒါတွေက ကွာခြားတယ်ပေါ့။

ရုပ်ရှင်ရုံတွေက ရုပ်ရှင်ကိုဖန်တီးထားတဲ့၊ အနုပညာရှင်တွေဖန်တီးထားတဲ့ အနုပညာရှင်တွေရဲ့ ပရိသတ်ကိုချပြချင်တဲ့ ရသတွေ၊ ဖန်တီးမှုတွေ၊ ရသအပြည့်အစုံကို ရုပ်ရှင်ရုံတစ်ခုမှာ၊ အဲဒီဖန်သားပြင်ပေါ်မှာ ခံစားလို့ရတယ်။ မြန်မာ့ရုပ်ရှင်ကိုဖန်တီးတဲ့ အနုပညာရှင်အားလုံးက သူတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ချပြနိုင်တယ်ဆိုရင် ရုပ်ရှင်ချစ်ပရိသတ်တွေကလည်း မြန်မာ့ရုပ်ရှင်ကို ပိုမိုမြတ်နိုးလာတယ်၊ အားပေးနှစ်သက်လာတဲ့အခါကျတော့ ရုပ်ရှင်ဖန်တီးသူတွေအတွက်လည်း အားတက်လာတယ်။ ပိုပြီး ကောင်းမွန်တဲ့ တင်ဆက်ပြသမှုအပိုင်းပဲဖြစ်ဖြစ်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအပိုင်းပဲဖြစ်ဖြစ်၊ အသံပိုင်းဆိုင်ရာပဲဖြစ်ဖြစ်၊ ဒါတွေကို အာရုံစူးစိုက်ပြီး လုပ်ဆောင်လာကြတယ်။ ဒါတွေကိုလည်း ပရိသတ်တွေက အသိအမှတ်ပြုလာတဲ့အတွက် မြန်မာ့ရုပ်ရှင်ကို အားပေးမှုတွေ အခုနောက်ပိုင်း ပိုများလာတယ်။





ဒေါ်မိမိခိုင်
အမှုဆောင်အရာရှိချုပ် (JCGV Cinema)

ဒေါ်သဲသိမ့်ဝါ မန်နေဂျင်းဒါရိုက်တာ
(Mega Ace Cineplex)

မြန်မာ့ရုပ်ရှင်လောက ပိုမိုတိုးတက်လာတယ်။ ရုပ်ရှင်ရုံတွေကဆိုရင် မြန်မာ့ရုပ်ရှင်ကို ဖန်တီးတဲ့ အနုပညာရှင်တွေရဲ့ ပရိသတ်ဆီကိုပို့ပေးတဲ့၊ ချပြပေးတဲ့ ကြားခံနေရာတစ်ခုအနေနဲ့ ပါဝင်နေရတာဖြစ်တယ်။ ရုပ်ရှင်ရုံနဲ့ ရုပ်ရှင်ဆိုတာက ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်နေတဲ့အတွက် ရုပ်ရှင်ရုံတွေကလည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ တစ်နေရာက နေရှိနေမယ်လို့ ထင်ပါတယ်။

ရုပ်ရှင်ရုံတွေက ရသမျိုးစုံပါတဲ့ ရုပ်ရှင်ကားအများကြီးကို ပြသရတယ်။ ရသမျိုးစုံပါတဲ့ ရုပ်ရှင်တွေကတစ်ဆင့် ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် အသိပညာလေးရသွားမယ်၊ နိုင်ငံတစ်ခုရဲ့ ယဉ်ကျေးမှုတွေ၊ သမိုင်းအထောက်အထားတွေကို သိရှိလာမယ်၊ ဗဟုသုတတွေ ရရှိလာမယ်၊ ကိုယ်မသိသေးတဲ့အရာတွေကို ရုပ်ရှင်တွေကတစ်ဆင့် ပိုမိုသိလာနိုင်မယ်၊ ဒီလိုအကျိုးကျေးဇူးတွေ ရှိလာမယ်။ နောက်တစ်ခုကတော့ ရုပ်ရှင်ကြည့်တဲ့အချိန်မှာ ရုပ်ရှင်အပေါ်မှာပဲ အာရုံစူးစိုက်တဲ့အတွက် မိမိရဲ့စိတ်ဖိစီးမှုတွေ၊ စိတ်ပင်ပန်းမှုတွေ၊ စိုးရိမ်စိတ်တွေ ခဏတာ ပျောက်သွားတယ်။ စိတ်အပန်းဖြေမှုကို ရလိုက်တယ်။ အခုခေတ်မှာက စိတ်အပန်းဖြေမှုက အရေးကြီးတယ်။

ကမ္ဘာကြီးက ခေတ်မီပြောင်းလဲတိုးတက်လာတဲ့အတွက် ပြိုင်ဆိုင်မှုတွေများလာတယ်။ အဲဒီအတွက် စိတ်ဖိစီးမှုတွေ၊ စိုးရိမ်စိတ်တွေရှိလာတဲ့အတွက်ကြောင့် စိတ်အပန်းဖြေပေးဖို့ လိုတယ်။ ဒါမှလည်း ရှေ့ဆက်ပြီး ဆက်ကြိုးစားနိုင်မှာဖြစ်တယ်။ အဲဒါကြောင့် ရုပ်ရှင်ရုံတွေက စိတ်အပန်းဖြေမှုကိုပေးနိုင်တဲ့ နေရာလေးတစ်ခုလည်း ဖြစ်တယ်။ နောက်တစ်ခုက ရုပ်ရှင်ရုံမှာသွားကြည့်ပြီဆိုရင် မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ် သွားကြည့်တဲ့အခါ ရင်းနှီးနွေးထွေးမှု ဖြစ်စေတယ်။

ရုပ်ရှင်ရုံတွေအနေနဲ့ကလည်း ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် အဆင်ပြေပြေ ကြည့်နိုင်အောင် သက်သောင့်သက်သာ ကြည့်နိုင်ဖို့အတွက် တင်ဆက်မှုမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်နေတယ်။ မြန်မာ့ရုပ်ရှင်က မြန်မာနိုင်ငံမှာတင် မဟုတ်တော့ဘဲ တခြားနိုင်ငံတွေမှာပါ ပြသလာနိုင်တယ်။ တခြားနိုင်ငံကသူတွေကလည်း မြန်မာ့ရုပ်ရှင်ကို လက်ခံလာကြတယ်၊ မြတ်နိုးလာကြတယ်။ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာ ပြလာတယ်။ ဆုတွေပါရတဲ့အထိ အဲဒီလိုမျိုး မြန်မာ့ရုပ်ရှင်လောကက ဖြစ်လာတယ်။ ဖွံ့ဖြိုးတိုးတက်လာတယ်။ ရုပ်ရှင်ဖန်တီးတဲ့သူတွေကလည်း ပရိသတ်ကို ချပြနိုင်အောင် ရိုက်ကူးပြီးတော့ ရုပ်ရှင်ရုံတွေဘက်ကလည်း ကြိုးစားပြီး ပြသပေးတယ်။ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားလုံးပေါင်းစည်းပြီး ဘယ်လိုပိုမိုကောင်းမွန်လာအောင် အမြဲတမ်း ဆွေးနွေးတိုင်ပင်နေကြတာဆိုတော့ ဒီထက်ပိုပြီး တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့ရုပ်ရှင်ရုံတွေအနေနဲ့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး အပါအဝင် နေရာကိုးနေရာမှာ ပိတ်ကားပေါင်း ၂၃ ခု ရှိတယ်။ ရှေ့ဆက်ပြီးတော့ ရုပ်ရှင်ရုံတွေ တိုးချဲ့ဖို့လည်း ရှိပါတယ်။ မြန်မာ့ရုပ်ရှင်လောက တိုးတက်ဖို့ဆိုရင် ရုပ်ရှင်တွေ တိုးတက်ဖို့အပြင် ရုပ်ရှင်ရုံတွေအနေနဲ့လည်း တစ်စိတ်တစ်ပိုင်း ဘယ်လိုမျိုး ပါဝင်ကူညီခွင့်ရမလဲဆိုတာ အမြဲတမ်း အာရုံစူးစိုက်ပြီးလုပ်နေတာ ဖြစ်တဲ့အတွက် ရုပ်ရှင်ရုံတွေ ထပ်မံတိုးချဲ့သွားပြီး တိုးတက်အောင် ပါဝင်သွားဖို့လုပ်နေပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲအနေနဲ့ ရုပ်ရှင်ရုံတစ်ခုမှာ ရှိသင့်တဲ့ အရည်အသွေးတွေကို စိစစ်ပေးတယ်။ ဘယ်လိုအရည်အသွေးရှိမှ ရုပ်ရှင်ပြသခွင့်ရမလဲ၊ ရုပ်ရှင်ရုံတွေက ရုပ်ရှင်လိုင်စင် လျှောက်ယူရတာဖြစ်တဲ့အတွက် လိုင်စင်ရမှပဲ ပရိသတ်ကို ပြသခွင့်ရှိတာဖြစ်တယ်။ စက်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးကနေပြီး အများကြီး လမ်းညွှန်ပေးတယ်။ အထောက်အကူ လုပ်ပေးတယ်။ မြန်မာ့ရုပ်ရှင်က ၁၉၂၀ ပြည့်နှစ်မှာ စတယ်။ ၂၀၂၀ ပြည့်နှစ်မှာဆိုရင် နှစ် (၁၀၀) ပြည့် တော့မယ်ဆိုတော့ ဒီလိုအကြာကြီး မြန်မာ့ရုပ်ရှင် ရပ်တည်နိုင်တယ်ဆိုတာ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့ ပရိသတ်တွေ အများကြီးရှိခဲ့လို့ ကျွန်မကိုယ်တိုင်ကလည်း မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့သူတစ်ဦး ဖြစ်တဲ့အတွက် မြန်မာပြည်သား တစ်ယောက်အနေနဲ့ မြန်မာ့ရုပ်ရှင်နှစ် (၁၀၀)အထိ ရှိနေတာကို ဝမ်းသာဂုဏ်ယူပါတယ်။

ရုပ်ရှင် နှစ် (၁၀၀) ကနေပြီးတော့ နောက်ထပ် နှစ်ပေါင်းများစွာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရော ကမ္ဘာတစ်ဝန်းလုံးမှာ မြန်မာ့ရုပ်ရှင်ကို ဆက်လက်တည်တံ့နေစေချင်တာပေါ့။ ကျွန်မတို့ ရုပ်ရှင်ရုံတွေအနေနဲ့ ရုပ်ရှင် နှစ် (၁၀၀) ပြည့်မှာ ရုပ်ရှင်ကားအဟောင်းတွေ၊ သမိုင်းဝင်ဇာတ်ကားတွေ ပြသဖို့ ရုပ်ရှင်လောကသားတွေနဲ့ တိုင်ပင်ပြီး ပရိသတ်တွေဆီကို နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အနေနဲ့၊ အမှတ်တရအနေနဲ့ ပြသသွားဖို့ရှိပါတယ်။ ။




ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး (တောင်ဒဂုံ)ဖွင့်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပစဉ်။

**မြန်မာ့ရုပ်ရှင်လောက ပိုမိုတိုးတက်လာတယ်။ ရုပ်ရှင်ရုံတွေကဆိုရင် မြန်မာ့ရုပ်ရှင်ကို ဖန်တီးတဲ့ အနုပညာရှင်တွေရဲ့ ပရိသတ်ဆီကိုပို့ပေးတဲ့၊ ချပြပေးတဲ့ ကြားခံနေရာတစ်ခုအနေနဲ့ ပါဝင်နေရတာဖြစ် . . .**

# လစ်ဗျားအရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် အီဂျစ်သမ္မတတို့ ဆွေးနွေး

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီဂျစ်သမ္မတ အဗ်ဒယ်လ်ဖာတတ် အယ်လ်စီစီတို့သည် လစ်ဗျားအရေးနှင့် ပတ်သက်၍ ဒီဇင်ဘာ ၂၆ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အမေရိကန်နှင့် အီဂျစ်ခေါင်းဆောင်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် လစ်ဗျားပဋိပက္ခအား နိုင်ငံခြားမှ ကိုယ်ကျိုးအတွက် အမြတ်ထုတ်မှုကို ပယ်ချခဲ့ကြပြီး နှစ်နိုင်ငံအနေဖြင့် လစ်ဗျားပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေးအတွက် အရေးတကြီး လုပ်ကိုင်ဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်ဟု အိမ်ဖြူတော်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုသည့် လစ်ဗျားအစိုးရကို ထောက်ခံအားပေးသည့်အနေဖြင့် လစ်ဗျားနိုင်ငံသို့ တူရကီတပ်ဖွဲ့စေလွှတ်ရေးဆိုင်ရာ ဥပဒေမူကြမ်းကို ပါလီမန်ပြန်လည်စတင်လျှင် စတင်ချင်း မိတ်ဆက်ပေးမည်ဖြစ်ကြောင်း တူရကီသမ္မတအာဒိုဂန်က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။ တူရကီအစိုးရသည် လစ်ဗျားအစိုးရ၏ မေတ္တာရပ်ခံချက်ကို တုံ့ပြန်သည့်အနေဖြင့် လစ်ဗျားနိုင်ငံ၌ တူရကီတပ်ဖွဲ့ ဖြန့်ကြက်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုသည့် လစ်ဗျားအစိုးရ၏ ပြည်ထဲရေးဝန်ကြီး ဖာသီဘာရှားဂါက လစ်ဗျားအစိုးရအား ပံ့ပိုးကူညီရန်အတွက် တူရကီ-တူနီးရှား-အယ်လ်ဂျီးရီယားတို့ပါဝင်သော မဟာမိတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းထူထောင်ခဲ့သည်ဟု ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

"တူရကီ၊ တူနီးရှားနှင့် အယ်ဂျီးရီးယားနိုင်ငံတို့နဲ့ ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခု ရှိတော့မှာဖြစ်ပြီး ကျွန်တော်တို့ဟာ မဟာမိတ်တစ်ခုထဲမှာ ရှိကြတော့မှာပါ" ဟု ဘာရှားဂါက တူနီးရှားနိုင်ငံတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုသည့် လစ်ဗျားအစိုးရသည် နိုင်ငံတကာကအသိအမှတ်ပြုသည့် အစိုးရဖြစ်ပြီး ဒီမိုကရေစီအတွက် တိုက်ပွဲဝင်လျက်ရှိသည်ဟု ၎င်းက အလေးအနက် ပြောကြားသည်။

သို့သော် တူနီးရှားသမ္မတကမူ တူနီးရှားနိုင်ငံသည် လစ်ဗျားနိုင်ငံနှင့်ပတ်သက်၍ မည်သည့်မဟာမိတ်နှင့်မျှ ပါဝင်ပတ်သက်ခြင်းမရှိဟု ဒီဇင်ဘာ ၂၆ ရက်ညနေပိုင်းက ငြင်းပယ်လိုက်သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကြောင့် မြို့တော်ထရီပိုလီမြို့အခြေစိုက် ကုလသမဂ္ဂကျောထောက်နောက်ခံပြုသည့်အဖွဲ့နှင့် နိုင်ငံ၏ အရှေ့မြောက်ဘက် တိုဘရုခ်မြို့အခြေစိုက် ခါလီဖာဟာဖ်တာဦးဆောင်သော လစ်ဗျားအမျိုးသားတပ်မတော်ဟူ၍ အုပ်စု နှစ်ခုကွဲသွားကြောင်း သိရသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီဂျစ်သမ္မတ အဗ်ဒယ်လ်ဖာတတ် အယ်လ်စီစီတို့ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်တွင် ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ တွေ့ဆုံစဉ်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

# ဖိလစ်ပိုင်တွင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ၂၈ ဦးအထိရှိလာ

**မနီလာ ဒီဇင်ဘာ ၂၇**

ခရစ္စမတ်အားလပ်ရက်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဖန်ဖွန်းကြောင့် သေဆုံးသူ ၂၈ ဦးအထိမြင့်တက်လာခဲ့ပြီး သေဆုံးသူထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း အာဏာပိုင်များက ယနေ့ပြောကြားလိုက်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ (၁၂၄ မိုင်) နှုန်းရှိသည့် အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် ဒီဇင်ဘာ ၂၅ ရက်က ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ဝေးလံခေါင်ဖျားသောကျေးရွာများ၊ ခရီးသွားနယ်မြေများကို တိုက်ခတ်ခဲ့သည်။ အင်တာနက်နှင့် မိုဘိုင်းဖုန်းကွန်ရက်များ ဖြတ်တောက်ထားသည့် ဒေသများမှ လူအသေအပျောက်သတင်းများအရ သေဆုံးသူဦးရေမှာ ယမန်နေ့က ၁၆ ဦးရှိခဲ့ပြီး ယနေ့တွင် ၂၈ ဦးအထိ ရှိလာခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။ "သေဆုံးသူ အရေအတွက် မြင့်တက်လာပါလိမ့်မယ်။ အဲလိုမဖြစ်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု အမျိုးသားဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ မတ်ခ်တင်ဘဲလ်က ပြောသည်။ လူ ၁၂ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းက ဆိုသည်။



တိုင်ဖွန်းမုန်တိုင်းကြောင့် ကမ်းရိုးတန်းနှင့် မြေနိမ့်ဒေသများတွင် နေထိုင်သည့် ဖိလစ်ပိုင်ပြည်သူများစွာ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ခရစ္စမတ်ပွဲတော်ကို မုန်တိုင်းရှောင်စခန်းများ၌ ဆင်နွှဲခဲ့ရသည်။ ထို့အပြင် ရေကြောင်းနှင့် လေကြောင်းခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရသည်။ ဖြူလွလွသဲသောင်ပြင်များရှိပြီး နှစ်စဉ် ခရီးသွားတစ်သန်းကျော် ဆွဲဆောင်သည့် ဘိုရာကေးကျွန်းကိုလည်း မုန်တိုင်းတိုက်ခတ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှာ ပစိဖိတ်တိုင်ဖွန်းရပ်ဝန်းကို မျက်နှာမူနေသော ပထမဆုံးကုန်းမြေဖြစ်ရာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် အင်အားပြင်းမုန်တိုင်း ၂၀ ခန့် တိုက်ခတ်ခြင်းခံရသည်။ ဒေသခံအမည် "အူဆူလာ"ဟု ခေါ်ဆိုသည့် ဖန်ဖွန်းမုန်တိုင်းမှာ ၂၀၁၉ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ခတ်ခဲ့သည့် ၂၁ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည်။

ဖန်ဖွန်းမုန်တိုင်းသည် ယမန်နေ့ နံနက်ပိုင်းက တောင်တရုတ်ပင်လယ်ဘက်သို့ တိုက်ခတ်သွားခဲ့သည်။ အဆိုပါမုန်တိုင်းသည် ယနေ့ ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်တိုက်ခတ်နေပြီး လေဖိအားနည်းရပ်ဝန်းတစ်ခုအဖြစ် သိသိသာသာ အားလျော့သွားမည်ဟု ခန့်မှန်းထားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

# ထိုင်းနိုင်ငံတွင် နှစ်သစ်ကူးအခါသမယ၌ ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန် မောင်းသူမဲ့လေယာဉ်များ အသုံးပြုမည်

**ဘန်ကောက် ဒီဇင်ဘာ ၂၇**

တော်ဝင်ထိုင်းလေကြောင်းတပ်ဖွဲ့က နှစ်သစ်ကူးအခါသမယတွင် နိုင်ငံအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် မောင်းသူမဲ့လေယာဉ်များကို ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အဝေးပြေးလမ်းများအပါအဝင် မြို့တွင်းလမ်းများ၌ ယာဉ်ကြောပိတ်ဆို့မှုများကို ဖယ်ရှားရန်နှင့် ဘေးကင်းလုံခြုံရေးအတွက် မောင်းသူမဲ့လေယာဉ်များကို တပ်ဖြန့်ထားမည်ဟု တော်ဝင်လေကြောင်းတပ်ဖွဲ့စစ်ဦးစီးချုပ် မာနတ်ဝေါင်ဝတ်က ပြောကြားခဲ့သည်။

မောင်းသူမဲ့လေယာဉ်များ ကင်းလှည့်နေစဉ်အတွင်း ခေတ္တဝင်ရောက်ရပ်နားရန် နေရာများကိုလည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း တော်ဝင်လေကြောင်းတပ်ဖွဲ့စစ်ဦးစီးချုပ် မာနတ်ဝေါင်ဝတ်က မီဒီယာသို့ ပြောကြားခဲ့သည်။

အလားတူ ပို့ဆောင်ရေးဝန်ကြီးဌာနက နှစ်သစ်ကူးအခါသမယတွင် ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ခရိုင်ချင်းဆက်သွယ်ပြေးဆွဲပေးသော ဘတ်စ်ကားများကို စီစဉ်ထားသည့်အပြင် ခရီးသည်တင်ဘတ်စ်ကားပြေးဆွဲမှုခရီးစဉ် အရေအတွက်ကို ၂၈၀၀ မှ ၈၂၀၀ အထိ တိုးမြှင့်ပြေးဆွဲပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ဒီဇင်ဘာ ၂၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြခဲ့သော အမေရိကန်စစ်စခန်းပြောင်းရွှေ့ရေး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း ကုန်ကျဖွယ်ရှိ သတင်းခေါင်းစဉ်အစား **အမေရိကန် စစ်စခန်း ပြောင်းရွှေ့ရေး အမေရိကန် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ကုန်ကျဖွယ်ရှိ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘာသာပြန်စာတည်း

# ကာဇက်စတန်၌ ခရီးသည်တင်လေယာဉ် ပျက်ကျ၊ လူ ၁၄ ဦးထက်မနည်း သေဆုံး



**နူဆူလ်တန် ဒီဇင်ဘာ ၂၇**

ယနေ့နံနက်ပိုင်းက ကာဇက်စတန်နိုင်ငံ အယ်လ်မာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းလာသည့် ခရီးသည်တင် လေယာဉ်တစ်စင်းမှာ လေဆိပ်မှပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ရာ လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း ကာဇက်စတန် အစိုးရက ပြောကြားသည်။

**လူ ၁၀၀ ပါရှိ**

Bek Air လေကြောင်းလိုင်းမှ အဆိုပါ ခရီးသည်တင် လေယာဉ်ပေါ်၌ အမှုထမ်းငါးဦးအပါအဝင် လူ ၁၀၀ ပါရှိကြောင်း ကာဇက်စတန်နိုင်ငံ အရေးပေါ်အခြေအနေများ ကော်မတီက ပြောကြားသည်။ လေယာဉ်ပျက်ကျမှုအတွင်း ကလေးငယ်ခြောက်ဦး အပါအဝင် လူ ၂၀ ဝန်းကျင်ဒဏ်ရာ ရရှိခဲ့သည်ဟု အရေးပေါ်အခြေအနေများကော်မတီက ပြောသည်။ ကာဇက်စတန်သမ္မတ ကာဆင်းဂျိုမတ်တိုကာဗက်ဗ်က သေဆုံးသူများ၏ မိသားစုများထံ လျော်ကြေးငွေပေးအပ်မည်ဟု ကတိပြုခဲ့ပြီး လေယာဉ်ပျက်ကျမှုတွင် တာဝန်ရှိသောသူများကို ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူမည်ဟု တွစ်တာ၌ ရေးသားခဲ့သည်။

**ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေ**

အဆိုပါလေယာဉ်မှာ ကာဇက်စတန်နိုင်ငံ၏ အကြီးဆုံးမြို့ အယ်လ်မာတီမှ နိုင်ငံမြို့တော် နူဆူလ်တန်သို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာ ပတ်ဝန်းကျင်အခြေအနေများကို စုံစမ်းစစ်ဆေးရန် အစိုးရကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်းလည်း သမ္မတတိုကာဗက်ဗ်က ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေဆဲဖြစ်ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းများက လေယာဉ်ပျက်ကျရာနေရာ၌ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဟန်လင်းအောင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ ကျောက်သဲတင်ယာဉ်ဖြင့် ပျဉ်းကတိုးနှစ်တန်ခန့်အား သယ်ဆောင်လာစဉ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၃ နာရီခွဲတွင် တောင်ငူမြို့မစခန်းမှ နယ်ထိန်း ဒုတိယရဲအုပ်ဟန်လင်းအောင်ပါ တပ်ဖွဲ့ဝင် ရှစ်ဦးက တောင်ငူမြို့အဝင် အဝေးပြေးယာဉ်ရပ်နားစခန်းအနီး၌ ဖမ်းဆီးပြီး လာဘ်ငွေတောင်းခံသဖြင့် ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဟန်လင်းအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက် ညဉ့်နက် လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၃ နာရီခွဲတွင် သစ်များတင်ဆောင်လာသော မော်တော်ယာဉ်အား တားဆီးပြီး လာဘ်ငွေကျပ်သိန်း ၅၀ တောင်းခံခဲ့ကြောင်း၊ အကြိမ်ကြိမ်ညှိနှိုင်း၍ ငွေကျပ် ၁၀ သိန်းပေးလျှင် မော်တော်ယာဉ်အား လွှတ်ပေးမည်ဟု ဒုတိယရဲအုပ် ဟန်လင်းအောင်က ပြောဆိုပြီး ငွေကျပ် ၁၀ သိန်းကို နှစ်ကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းသည် ပေးအပ်ထားသော ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒုတိယရဲအုပ်ဟန်လင်းအောင်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မှုခင်းအသိပညာပေးဟောပြော

**ရွှေပြည်သာ ဒီဇင်ဘာ ၂၇**
ရွှေပြည်သာမြို့နယ် လော်ကားနယ်မြေစခန်းမှူး ရဲအုပ်စိန်အောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေလင်းဦးတို့သည် ဒီဇင်ဘာလ ပထမပတ်က ရွှေပြည်သာမြို့နယ် အမှတ်(၂၆) ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနိုင်နှင့် ပြည်သူ ၁၃၀ တက်ရောက်ကြောင်း သိရသည်။

**နေမျိုးထွန်း**

# ပုသိမ်ခရိုင်တရားရုံးက လူသတ်မှုကျူးလွန်သူအား သေဒဏ်ချမှတ်

**ပုသိမ် ဒီဇင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သိန်ကုန်းရွာ၌ လူသတ်မှုကျူးလွန်သူအား ဒီဇင်ဘာ ၂၃ ရက်တွင် ပုသိမ်ခရိုင်တရားရုံးက ပထမဆုံးအကြိမ်အဖြစ် သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၉ ခုနှစ် မေ ၄ ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် အထောင်နယ်မြေရဲစခန်းအပိုင် သိန်ကုန်းရွာတောစပ်သင်္ချိုင်းထဲ၌ သိန်ကုန်းကျေးရွာနေ မ----- မှာ ခြေ၊ လက်တို့ကို ချည်နှောင်ထားပြီး သေဆုံးနေသည်ကို တွေ့ရှိရသည်။

ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ ခဲအို ဇင်မောင်မောင်ဖြစ်ကြောင်း အမှုပေါ်ပေါက်သဖြင့် ၎င်းအား ကျုံပျော်မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ပြီး ပုသိမ်ခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့ရာ ၂၀၁၉ ဒီဇင်ဘာ ၂၃ ရက်တွင် ပြစ်မှုပုဒ်မ ၃၀၂(၁) (ဂ)ဖြင့် ခရိုင်တရားသူကြီးက သေဒဏ်အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# မင်္ဂလာဒုံ၊ ကျိုင်းတုံ၊ လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း မကွေးလမ်းအတွင်းတွင် တွေ့ရှိသူ ဆန်းလင်းမောင်(ခ)သွားကျိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ကတ်ဖ-ဝမ်တာကျေးရွာသွားလမ်းတွင် နန်းဖူးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား


အောင်ဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

၃၈၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ကျိုင်းရှုန်ကျေးရွာနေ စိုင်းကန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြားကိုလည်းကောင်း။

**ကျိုင်းတုံ**

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ကျိုင်းတုံ-မိုင်းလားသွားလမ်း ကျိုင်းရှုန်ကျေးရွာ ထိပ်လမ်းတွင် မောလို့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် တူမီးသေနတ်တစ်လက်တို့ကိုလည်းကောင်း။

**လားရှိုး**

ထို့အတူ ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁) ရပ်ကွက် နယ်မြေ(၉) ဓမ္မဂုဏ်ရည်လမ်းသွယ်(၉)နေ အောင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**ဒီပဲယင်း**

အလားတူ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မူးယစ်ရဲတပ်ဖွဲ့စု(၈) မုံရွာမှ ဒုတိယရဲမှူး မင်းဦးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ စိုင်ပြင်ရဲကင်းစခန်းမှူး ဒုတိယရဲအုပ်မောင်မျိုးဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဒီပဲယင်းမြို့နယ် စိုင်ပြင်မြို့ အမှတ်(၅)ရပ်ကွက်နေ ခင်ဌေးဦး(ခ)မထော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းထံမှစိတ်ကြွဆေးပြား ၂၈၀ ပြား၊ ၂၈ ဂရမ်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ ၃၉၅၀၀၀ ကျပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၆၁၉ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၉၄ ဒသမ ၇၇၅၂ တန်၊ သစ်မာ ၁၅၅ ဒသမ ၄၆၈၇ တန်၊ အခြား ၂၆၈ ဒသမ ၉၉၇၇ တန်၊ စုစုပေါင်း ၆၁၉ ဒသမ၂၄၁၆ တန်၊ တရားခံ ၅၀၊ ယာဉ်/ယန္တရား အစီး ၆၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မိုးညှင်းမြို့နယ် နန့်မွန်းသင်္ချိုင်းဇရပ်အတွင်း အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံး

**နန့်မွန်း ဒီဇင်ဘာ ၂၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းမြို့၌ ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက သင်္ချိုင်းကုန်းဇရပ်အတွင်း အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း လုံးတုံနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် ည ၁၁ နာရီခန့်က နန့်မွန်းသင်္ချိုင်းဇရပ်အတွင်း ဒဏ်ရာများဖြင့်သေဆုံးနေသည့် အမျိုးသမီးရုပ်အလောင်းတွေ့ရှိထားကြောင်း နန့်မွန်း၌နေပြည်သူ့စစ်အဖွဲ့မှ လုံးတုံနယ်မြေရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားခဲ့၍ လုံးတုံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုရာ သေဆုံးသူမှာ နန့်မွန်းမြို့ ရပ်ကွက်(၂)မှ မနှင်းမှုံဆင့်ဖြစ်ပြီး ယာဘက်နို့အုံအောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက် ဘယ်၊ ညာတွင်ငါးချက်၊ ဝဲဘက်ပေါင်တွင်နှစ်ချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး ရုပ်အလောင်းအား နန့်မွန်းဆေးရုံသို့ ရဲဆေးစာရေးသားပို့ဆောင်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ၌ လူသေအလောင်းတစ်လောင်း တွေ့ရှိ

**ရွှေပြည်သာ ဒီဇင်ဘာ ၂၇**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု အလယ်ပိုင်းနှင့် ပြည်တော်သာရှိ သောက်သုံးရေကန်အတွင်း ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် အလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းရ၍ စစ်ဆေးရာ ပြည်တော်သာပိုင် အမှတ်(၈၉)နေ (ဘ)ဦးကျော်ဝင်း၏သားကိုကောင်းထက်ဖြစ်ကြောင်းသိရှိရ၍ ရွှေပြည်သာမြို့မရဲစခန်းသို့ အကြောင်းကြားရာ လာရောက်စစ်ဆေးပြီး သေဆုံးသူအလောင်းအား ဖြဟ္မာစရိယနာရေးကူညီမှုအသင်းကားဖြင့် နံနက် ၇ နာရီ မိနစ် ၅၅ တွင် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ကာ အင်းစိန်ဆေးရုံမှ PR/၁၁/၁၉ ဖြင့် လက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

# မိုင်းရှူးမြို့၌ နေအိမ်တစ်လုံးမီးလောင်မှု ဖြစ်ပွား

**မိုင်းရှူး ဒီဇင်ဘာ ၂၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့ အမှတ်(၄) ရပ်ကွက်တွင် နေထိုင်သည့် ဒေါ်နှင်းသီတာ၏နေအိမ်တွင် ယမန်နေ့ည ၁၁ နာရီ ၅ မိနစ်ခန့်က လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲရာမှ ဝါယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အကင်ဆိုင်ပိုင်ရှင် ဒေါ်နှင်းသီတာ၏ဆိုင်တွင် လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲရာမှ ဝါယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့က ဝိုင်းဝန်းမီးငြှိမ်းသတ်ရာ ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ အခြားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှုမရှိကြောင်းနှင့် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်နှင်းသီတာအား မိုင်းရှူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သတိပေးနှိုးဆော်ချက်

၁။ (၇၂)နှစ်ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ရှေ့နေနှင့် နှစ်သစ်မင်္ဂလာ

ဦးဟန်ညွန့် ( ဥပဒေ )

**နိဒါန်း**

" ဆရာ"
" ဗျာ"
" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
" ရှေ့နေနှင့် နှစ်သစ်မင်္ဂလာပါတဲ့"
" ဘယ်လိုအဓိပ္ပာယ်နဲ့ရေးတာလဲဆရာ"
" ဖတ်ကြည့်ကြစို့ "

**နှစ်သစ်မင်္ဂလာ**

နှစ်သစ်ချိန်ခါ ရောက်ပြန်ပါပြီ ... ။
၂၀၁၉ ခုနှစ်ကား ကုန်ဆုံးခဲ့ပြီ။
၂၀၂၀ ပြည့်နှစ်ကို နှစ်သစ်မင်္ဂလာကြိုဆိုပါပြီ။

**အဟောင်း**

အဟောင်း၊ အဟောင်းတို့သည် ချုပ်ငြိမ်းစမြဲ။
အသစ်၊ အသစ်တို့သည် တောက်ပသစ်လွင်စမြဲ။
အဟောင်း၊ အဟောင်းတို့က အတွေ့အကြုံဖြစ်သည်။
အသစ်၊အသစ်တို့က အဟောင်း၏အတွေ့အကြုံများကို သင်ခန်းစာအဖြစ်ခံယူသည်။ ဘာမှားသလဲ။ ဘာချွတ်ယွင်းသလဲ။ အသစ်မှာ ဘယ်လိုပြင်မလဲ။ လေးနက်တန်ဖိုးရှိသော သင်ခန်းစာ . . . ။ အဖြေရှာကြစို့ . . . ။

**တိတ်ဆိတ်ည**

၂၀၁၉ ၊ ဒီဇင်ဘာ၊ ၂၁ ည။ တိတ်ဆိတ်ည။

ဒုတိယသမ္မတ ဦးဟန်နရီဗန်ထီးယူနှင့်ဇနီး နေအိမ်၌ ခရစ္စမတ်အကြိုညကျင်းပ၍ တက်ရောက်ခဲ့သည်။

နှစ်သစ်မင်္ဂလာ (၂၀၂၀)ကို ကြိုဆိုသည့်ပွဲလည်းဖြစ်သည်။ တိတ်ဆိတ်ည။ သန့်ရှင်းည။ မှောင်ကွယ်သွားပြီ။ ရောင်ခြည်သစ်များပေါ်လာပြီ။ ကောင်းကင်သားများ၏ သီချင်းသီဆိုသံကို သိုးထိန်းသားများတို့ နာခံချိန်။ ခရစ်တော်ကယ်တင်ရှင်သည် မြေကြီးပေါ်သို့ သက်ဆင်းပြီ။

တိတ်ဆိတ်ည၊ သန့်ရှင်းညသို့ ကျွန်တော်တို့ပရိသတ်များ အားတက်၊ ရွှင်လန်းစွာ၊ စုပေါင်းညီညာသံပြိုင်တေး၊ ခရစ္စမတ်တေးသီဆိုဟစ်ကြွေး၍ ရွှင်မြူးဖွယ်ပီတိအပြည့်ဖြင့် တက်ရောက်ခဲ့ကြသည်။ တိတ်ဆိတ်ည။ သန့်ရှင်းည။

**နိုင်ငံတော်အကြီးအကဲများနှင့် ငြိမ်းချမ်းရေး**

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ထင်ရှားသော ခေါင်းဆောင်ကြီးများ၊ ဆင်းရဲချမ်းသာလူတန်းစားအလွှာစုံ၊ စုံညီချီးမြှင့် တက်ရောက်ခဲ့သည့်ပွဲ။ မွေးနေ့တော်နှင့် ကျေးဇူးတော် ချီးမွမ်းခြင်းအစီအစဉ် ပီပြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်ပွဲ။ အားတက်ဖွယ်ကောင်းသည်။

အဓိကမှာ "မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ" ဟု ပရိသတ်အပေါင်း၏ ဆုတောင်းသံများ စီစီဝေဝေ . . . ။ နှစ်သစ်မင်္ဂလာ ကြိုဆိုကြပါလေသည်။

(၁) အမျိုးသားပြန်လည်သင့်မြတ်ရေး
(၂) ငြိမ်းချမ်းရေး

**ငြိမ်းချမ်းရေးဆိုတာ ဘာလဲ**

( What is PEACE ? )

(Jesus Christ is Peace ) မွေးလာကတည်းက with peace။ သေသွားတော့လည်း with peace။ သူ့ဘဝ တစ်လျှောက်လုံးမှာလည်း with peace။ သိုးကျောင်းသားလေးတွေက နွားစာခွက် (manger) ထဲမှာ ကလေးကို တွေ့တယ်။ ကြယ်ကြီးပေါ်ထွန်းလာပြီး Angels တွေက Glory to God in the highest on earth mercy & peace toward men ( မြေပြင်ပေါ်၌ လူသားအားလုံး ကရုဏာနှင့် ငြိမ်းချမ်းခြင်းရှိစေသတည်း။ ကောင်းကင်တမန်က ဆိုပြီးတော့မှ everybody rejoice? Jesus Christ ဟာ မွေးကတည်းက အားလုံးရွှင်လန်းပြီး မွေးလာတယ်။ ယေရှုက ခိုက်ရန်ဖြစ်ပွားခြင်းကို ငြိမ်းအောင်ပြုလုပ်သော သူတို့ သည် မင်္ဂလာရှိကြ၏)ဟု စာရေးဆရာကြီး မြသန်းတင့်က ဟောပြောခဲ့ဖူးသည်။ မှတ်သားဖွယ်၊ မမေ့ရက်ဖွယ်မို့ ယနေ့ ခရစ္စမတ်ချိန်ခါတွင် ပြန်လည်မျှဝေတင်ပြရခြင်းပါ ခင်ဗျာ။ မည်မျှတန်ဖိုးရှိလှပါသလဲ။

**ရန်ပွဲများ**

ယနေ့ ချိန်ခါတွင် ရန်ပွဲများ၊ စစ်ပွဲများကို မြင်နေရသည်။ ကြားနေရသည်။ သေနတ်သံများ မစဲ။ စစ်ဘေးရှောင်များ ထူထပ်ဆဲ။ ကိုယ့်အချင်းချင်း ကိုယ့်ဆွေမျိုးအချင်းချင်း၊ ကိုယ့်တိုင်းရင်းသား အချင်းချင်းစစ်ခင်းနေကြဆဲ။ အထင်အမြင်လွဲမှားနေကြဆဲ။ အမြင်မှန်မရကြသေး. . . ။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး**

(၁) ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို အစိုးရအနေနဲ့ အလေးထားဆောင်ရွက်နေတယ်။
(၂) ဖွံ့ဖြိုးတိုးတက်မှုမရှိတော့ ကျေနပ်မှုမရှိဘူး။
(၃) ကျေနပ်မှုမရှိတော့ ဒေါသတွေကပွားတယ်။
(၄) ဒေါသပွားတော့ လက်နက်ကိုင်တိုက်ခိုက်ရေးကို တွန်းပို့တယ်။
(၅) မငြိမ်းချမ်းတော့ ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးဆိုတဲ့ အဆိုးကျော့ သံသရာက ဖောက်ထွက်နိုင်အောင် ကြိုးစားနေတာ. . . ဟု နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က ၁၉ –၁၂ –၂၀၁၉ နေ့တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့၌ ပြောကြားခဲ့သည်များ မှတ်သားရသည်။ သင်ခန်းစာတွေ၊ အမြင်မှန်တွေ ရသင့်ပေပြီ။

**ဤလောက၌ ရန်တုံ့မူခြင်းဖြင့်**
**ထိုရန်တို့သည် မည်သည့်အခါမျှမငြိမ်းကုန်။**
**ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ**
**ရန်တို့သည် ငြိမ်းကုန်၏။**
**လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော**
**ဓမ္မတာသဘောတစ်ခုဖြစ်...**




**ရန်တုံ့မူခြင်းဖြင့်မငြိမ်းကုန်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိနေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

**ပိုဆိုးသွားစေသလား**

(၁) မိမိတို့လုပ်ရပ်သည် ဒေသခံများအတွက် အခြေအနေပိုကောင်းသွားစေသလား။
(၂) ပိုဆိုးသွားစေသလား။
(၃) အလွယ်တကူ သိနိုင်ပါသည်။
(၄) အရင်က အချိန်မရွေး၊ နေရာမရွေး၊ အေးအေးချမ်းချမ်း အသက်မွေးဝမ်းကျောင်းနိုင်တဲ့နေရာတွေမှာ ကျီးလန့်စာစား ဖြစ်နေကြပြီလား။
(၅) မိမိတို့ လုပ်ရပ်ကြောင့် ကိုယ့်မိဘ၊ ကိုယ့်ရဲ့ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများ ဒုက္ခပင်လယ်ဝေနေကြပြီလား။
(၆) သုံးသပ်ကြပါ။ စဉ်းစားကြပါ . . . တဲ့။

**ကမ္ဘာ့ငြိမ်းချမ်းရေးအညွှန်းကိန်း**

ကမ္ဘာ့ငြိမ်းချမ်းရေးအညွှန်းကိန်း(၂၀၁၈)တွင် ၉၉ ဒသမ ၇ ရာခိုင်နှုန်းသော ကမ္ဘာ့ပြည်သူများပါဝင်သည်။ ပဋိပက္ခဆက်လက်ဖြစ်နေသော နေရာများ၊ လုံခြုံမှုနှင့် စိတ်ချမှုရှိသောနေရာများ၊ စစ်ဘက် စိုးမိုးမှုရှိသောနေရာများဟူ၍ ခွဲခြားထားသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းမှုကျဆင်းနေသောနိုင်ငံဖြစ်သည်။ အဆိုးရွားဆုံးကျဆင်းနေသော နိုင်ငံလည်းဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် သေဆုံးသူ စုစုပေါင်းအနည်းဆုံး ငါးသောင်းအထက်ရှိမည်ခန့်မှန်းသည်ဟု ၂၃ –၁၂ – ၂၀၁၉ နေ့ထုတ် မြန်မာ့အလင်းသတင်းစာခေါင်းကြီးပိုင်းက ရေးသည်။

**စစ်ပွဲ**

စစ်ပွဲကို စစ်ပွဲများချည်းသက်သက်ဖြင့် ရင်ဆိုင်နေလျှင် ငြိမ်းချမ်းသည့်အနေအထားကို မည်သို့မျှ မရောက်နိုင်ပါ။ ရန်ကို ရန်ချင်း တုံ့ပြန်နေလျှင် ရန်မီးသာတောက်လောင်တတ်ပြီး ငြိမ်းချမ်းအောင် မလုပ်နိုင်ပေ။

ဗုဒ္ဓက "အမျက်ဒေါသ ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်) အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြော ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏" ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

**မာန**

ထောင်လွှားတက်ကြွမှု ( Pali – မာန)
မာန(n) conceit; varity; arrogance; pride
မာနကြီး (v) be haughty, be arrogant
မာနခဲ (n) haughty young person
(မြန်မာ – အင်္ဂလိပ်အဘိဓာန်– စာ ၃၃၈ တွင် မာန၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပေသည်)

**အသက်တွေကကြီး**

တစ်နှစ်ပြီးတစ်နှစ်၊ အသက်တွေက ကြီးလာပြီ။ ဇရာက ရပ်မနေ၊ ပြက္ခဒိန်ဂဏန်းများက ရွေ့လျားနေဆဲ။ ကိုယ့်ဘဝကိုယ့်အသက်က ဆုံးဖြတ်သည်။ အတွေ့အကြုံက သုံးသပ်သည်။ နှစ်ဟောင်းကုန်၊နှစ်သစ်အကူး၊ ထူးခြားစွာ ဝေဖန်မှုပြုရမည်။ ပြီးခဲ့သောကာလများအတွက် နောင်တမရသင့်။ အနာဂတ်ကို မျှော်၍ကြည့်. . . ။

**တန်ဖိုး**

တန်ရာတန်ဖိုးကို နားလည်ပါ။ တန်ရာတန်ကြေးကို ပေးပါ။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးဖြတ်ပါ။ နိမ့်ကျစေမည်လား။ မြင့်မားစေမည်လား။ အသက်ရှင်ခိုက် ဘာလုပ်ကြမည်လဲ။ အများအတွက် ဘာလုပ်ကြမည်လဲ။ ကိုယ့်ရွာအတွက်၊ ကိုယ့်မြို့အတွက်၊ ကိုယ့်နိုင်ငံအတွက် စသည်. . . စသည်. . . ။

**ကြိုဆို**

၂၀၁၉ အကုန်၊ ၂၀၂၀ နှစ်သစ်အကူး၊ နှစ်ဟောင်းကိုမလို၊ နှစ်သစ်ကိုတော့ တို့ကြိုဆိုရဦးမည်။ သက်ရှည်ကျန်းမာ၊ ရွှင်လန်းစွာနှင့် မပုပ်မသိုးရအောင် စွမ်းဆောင်လျက် ဇရာသဘောကို အခက်အခဲမရှိ ကျော်လွှားကြည့်ကြဦးစို့။

**နိဂုံး**

(၁) ၂၀၁၉ ကို နှုတ်ဆက်ပါသည်။
(၂) ၂၀၂၀ ကို ကြိုဆိုပါသည်။
(၃) ကြေးမုံစာချစ် ပရိသတ်များနှင့်အတူ ရွှင်လန်းစွာ၊ ငြိမ်းချမ်းစွာဖြင့်. . . ။

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၄၂။ ပြည်တွင်းကုန်စည် ထုတ်လုပ်သူသည်-

(က) ပုဒ်မ ၂၈ အရ ကျင့်သုံးသည့် ကာကွယ်ပေးမှုအစီအမံကို သက်တမ်းတိုးပေးရန် လျှောက်ထားလိုပါက မူလသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ခြောက်လကြိုတင်၍ ကော်မတီသို့ လျှောက်ထားရမည်။ လျှောက်လွှာမိတ္တူကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် မိမိ၏ လုပ်ငန်းပြန်လည်တိုးတက်ရန်ဆောင်ရွက်နေသော သက်သေအထောက်အထားများကို သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၄၃။ သက်တမ်းတိုးရန် သင့် မသင့် ကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့်အညီ စိစစ်သုံးသပ်၍ ကော်မတီသို့ တင်ပြရမည်။

၄၄။ ကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ကာကွယ်ပေးမှု အစီအမံကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့်အစီအမံသည် လက်ရှိကျင့်သုံးနေသည့်အစီအမံထက် ကျော်လွန်ခြင်းမပြုရ။

၄၅။ အောက်ပါအခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံးရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းအောက်လျော့နည်းသည့်ကာလသတ်မှတ်၍ ထပ်မံကျင့်သုံးနိုင်သည်-

(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံ စတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး တစ်နှစ်အထိ ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့်အခြေအနေ၊

(ခ) အစီအမံစတင်ကျင့်သုံးသည့်နေ့မှ ငါးနှစ်အတွင်း တူညီသည့် ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက်ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

၄၆။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက်ကျော်လွန်သည့်ကိစ္စရပ်တွင် ယင်းအစီအမံ ကျင့်သုံးမှုကို အဆင့်ဆင့်ဖြေလျှော့သတ်မှတ်နိုင်သည်။

၄၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့်စပ်လျဉ်း၍ ဆက်လက်ကျင့်သုံးနိုင်ရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ သုံးနှစ်ထက်ကျော်လွန်ကျင့်သုံးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ယင်းသက်တမ်းတစ်ဝက်ထက် နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက်ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၄၈။ ကော်မတီက ကာကွယ်ပေးမှုအစီအမံ ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း သို့မဟုတ် ဖြေလျှော့မည်ဖြစ်ကြောင်း သို့မဟုတ် ကျင့်သုံးရန် ဆက်လက်လိုအပ်ခြင်းမရှိတော့ကြောင်း ဆုံးဖြတ်ပါက ဝန်ကြီးဌာနသည် ယင်းဆုံးဖြတ်ချက်အား အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်ဖြင့် ဆောလျင်စွာ ထုတ်ပြန်ရမည်ဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများ၊ အကျိုးဝင်ဆက်နွှယ်သူများကို အကြောင်းကြားအသိပေးရမည်။

၄၉။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများအချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်းကုန်စည်များ တင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက်မှုရှိစေရမည်။

**အခန်း(၁၁)**

**အထွေထွေ**

၅၀။ ဤဥပဒေအရ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးနေသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးရှိ မရှိကို သက်ဆိုင်သည့် သက်သေအထောက်အထားများနှင့်တကွ ကော်မတီက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း တင်ပြခွင့်ရှိသည်။

၅၁။ ကော်မတီသည် အကျိုးဝင်ဆက်နွှယ်သူများက ပေးပို့တင်ပြသည့် မှန်ကန်မှုမရှိသော၊ မှားယွင်းစွာ ဖော်ပြထားသော စာရင်းဇယား၊ အချက်အလက်၊ အထောက်အထားများကို ငြင်းပယ်ရမည်ဖြစ်ပြီး ယင်းကဲ့သို့ တင်ပြခြင်းအတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၅၂။ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည်လည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည်လည်းကောင်း ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ စုံစမ်းစစ်ဆေးမှုတွင်ပါဝင်သော အကျိုးဝင်ဆက်နွှယ်သူသည် ယာယီကာကွယ်ပေးမှုအကောက်ခွန်နှင့် ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံမှုကို ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပေးနိုင်ရန် အခွန်အယူခံခုံအဖွဲ့သို့ တင်ပြလျှောက်ထားခွင့်ရှိသည်။

၅၄။ ကော်မတီသည် အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားရမည်။

၅၅။ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) တို့ပါ အကောက်ခွန်စည်းကြပ်ခြင်းတို့နှင့် ပုဒ်မ ၃၄ ပါ အခွန်ငွေပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာ အခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၆။ ဝန်ကြီးဌာနသည် ဤဥပဒေအကောင်အထည်ဖော်မည့်သူများက ဥပဒေဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်စေရန် စီမံဆောင်ရွက်ပေးရမည်။

၅၇။ ဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်၍ ကုန်ကျစရိတ် သို့မဟုတ် အခကြေးငွေတို့ကို လျှောက်ထားသူထံမှ သတ်မှတ်ကောက်ခံနိုင်သည်။

၅၈။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၅၉။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏အသုံးစရိတ်မှ ကျခံရမည်။

၆၀။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၆၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၃၅။ ပြည်တွင်း၌နေထိုင်သူသည် -

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေများ လွှဲပြောင်းလိုပါက ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်၊

( ခ ) ပုဒ်မခွဲ (က) ပါ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြား သုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့ရမည်၊

( ဂ ) ပြည်ပမှ ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ချေးငွေရယူလိုပါက စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်သို့ တင်ပြရမည်။

၃၆။ ဗဟိုဘဏ်သည် ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။ ယင်းကန့်သတ်ချက်များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချေးငွေများအတွက် အရင်းပြန်လည်ပေးဆပ်မှု၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားသို့ ကူညီထောက်ပံ့မှု၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံမှု။

၃၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက ပယ်ဖျက်သည် သို့မဟုတ် ခြွင်းချက်ပြုသည်ဟု မှတ်ယူခြင်း မပြုရ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုရှိပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရမည်။

**အခန်း(၁၁)**

**ဗဟိုဘဏ်၏ စီမံခန့်ခွဲပိုင်ခွင့်**

၃၈။ ဗဟိုဘဏ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည် -

(က) နိုင်ငံခြားသုံးငွေလုပ်ငန်း တစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ လက်ဝယ်တွင်ထားရှိနိုင်သည့် နိုင်ငံခြားသုံးငွေ ရရန်ပိုင်ခွင့်များ၏ ပမာဏကို ကန့်သတ်ခြင်း၊

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်၏ အသားတင်နိုင်ငံခြားသုံးငွေပမာဏကို ကန့်သတ်မှုများပြုလုပ်ရာတွင် ငွေကြေးတစ်မျိုးချင်းသော်လည်းကောင်း၊ ငွေကြေးအားလုံးစုပေါင်း၍သော်လည်းကောင်း သတ်မှတ်ခြင်း၊ ယင်းပုဂ္ဂိုလ်၏ ပြည်ပကြွေးမြီပမာဏနှင့် အခြားလိုက်နာရန်အချက်များကို သတ်မှတ်ခြင်း၊

( င ) ဤဥပဒေနှင့်သက်ဆိုင်သော နိုင်ငံခြားသုံးငွေလုပ်ငန်းများအား ကြပ်မတ်ကွပ်ကဲခြင်း၊

( စ ) ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ ပို့ကုန်ရငွေ အပြည့်အဝ ဝင်ရောက်ခြင်းမရှိကြောင်း သို့မဟုတ် ယင်းဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ အခြားပုံမှန်မဟုတ်သည့် အခြေအနေတစ်ရပ်ရပ် တွေ့ရှိကြောင်း နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူက တင်ပြလာလျှင် စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း၌နေထိုင်သူကို နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေးခွင့်ပြုရန် နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူက တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

( ဇ ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသော ရန်ပုံငွေများကို ပြည်ပသို့ပြန်လည်လွှဲပို့လိုကြောင်း တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ ။)**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၂၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ကျေးလက်ဒေသ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ထားသောနယ်မြေတွင် ပါဝင်ခြင်းမရှိသောကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကို ဆိုသည်။

(ဃ) **အခြေခံအဆောက်အအုံ** ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက်လိုအပ်သော အခြေခံပစ္စည်းကိရိယာများနှင့် အဆောက်အအုံများကို ဆိုသည်။

( င ) **ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း** ဆိုသည်မှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ်ပြင်ပရှိ ကျေးလက်ဒေသတွင် ဦးစီးဌာန အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်။

( စ ) **ကျေးလက်ဒေသအိမ်ရာ** ဆိုသည်မှာ ကျေးလက်ဒေသတွင် ဦးစီးဌာန၏အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သောအိမ်ရာကို ဆိုသည်။

(ဆ) **ကုန်ထုတ်လမ်းနှင့် တံတား** ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ကျေးလက်ဒေသနေ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို သယ်ပို့ပေးနိုင်မည့် အထောက်အကူပြုလမ်းများနှင့် ယင်းလမ်းပေါ်ရှိ တံတားများကို ဆိုသည်။

( ဇ ) **ကျေးရွာတွင်း လမ်းနှင့်တံတား** ဆိုသည်မှာ ကျေးရွာနယ်နိမိတ်အတွင်းရှိ လမ်းနှင့်ယင်းလမ်းပေါ်ရှိ တံတားများ၊ ကျေးရွာအတွင်းရှိ ဆိပ်ခံတံတားများနှင့် လမ်းအဖြစ် အသုံးပြုရန် တည်ဆောက်ထားသော တံတားများကို ဆိုသည်။

( ဈ ) **အရင်းမပျောက် မတည်ရန်ပုံငွေ** ဆိုသည်မှာ ကျေးလက်ဒေသနေ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပိုင်ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပြီး အရင်းမပျောက် လည်ပတ်ဆောင်ရွက်သော ရန်ပုံငွေကို ဆိုသည်။

(ည) **ဗဟိုကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

( ဋ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုဆိုသည်။

( ဌ ) **ဦးစီးဌာန** ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ကို ဆိုသည်။

( ဍ ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

( ခ ) မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်း ကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊

( ဂ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေ ပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်၊

( င ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

( စ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဆ) ကျေးလက်ဒေသနေ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အခန်း(၃)**

**ဗဟိုကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက် မနိမ့်သည့်ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၄) | သုံးဦးထက်မပိုသော ပြင်ပကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (၆) | ညွှန်ကြားရေးမှူးချုပ် ဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပြဋ္ဌာန်း

**အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀ ။)**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **မှတ်တမ်း** ဆိုသည်မှာ အစိုးရဌာနတစ်ခုခု၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၊ အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်သည့် သို့မဟုတ် ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်း၊ ပုံနှိပ်စာပေ၊ လက်ရေးစာပေ၊ မြေပုံများ၊ ဓာတ်ပုံများ၊ မိုက်ကရိုဖလင်များ၊ ရုပ်သံမှတ်တမ်းများ၊ မင်စာ၊ ကျောက်စာများမှကူးယူထားသော အထောက်အထားများ၊ အီလက်ထရွန်နစ်နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများနှင့် အခြားမည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသော အချက်အလက်မှတ်တမ်းများကို ဆိုသည်။

(ဃ) **မော်ကွန်း** ဆိုသည်မှာ ပုဒ်မခွဲ(ဂ)ပါ မှတ်တမ်းများအနက် နိုင်ငံတော်၏ အမျိုးသားရေးတန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာ တန်ဖိုးရှိသည့် အထောက်အထားများနှင့် အချက်အလက်များ ပါရှိသဖြင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည့် မှတ်တမ်းကို ဆိုသည်။

( င ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ဆိုသည်။

( စ ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီး ဌာနကို ဆိုသည်။

( ဇ ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( ဈ ) **အခြားအဖွဲ့အစည်း** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကို ဆိုသည်။

(ည) **အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်** ဆိုသည်မှာ သက်သေအထောက်အထားအဖြစ် ရည်ညွှန်းကိုးကားနိုင်ရေးအတွက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို ထိန်းသိမ်းထားရှိသောနေရာကို ဆိုသည်။

( ဋ ) **မှတ်တမ်းများစိစစ်ခွဲခြားခြင်းဇယား** ဆိုသည်မှာ မော်ကွန်းတန်ဖိုးပါဝင်ပြီး ထာဝစဉ် ဆက်လက်ထိန်းသိမ်းထားရှိရန်လိုအပ်သည့် မှတ်တမ်းအမျိုးအစားများနှင့် ဆက်လက်ထိန်းသိမ်းရန် မလိုအပ်သည့် မှတ်တမ်းအမျိုးအစားများကို စနစ်တကျစိစစ်၍ ခွဲခြားဖော်ပြသောဇယားကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းနှင့်မော်ကွန်းများကို ဦးစီးဌာနသို့ သတ်မှတ်ကာလအတွင်း နည်းလမ်းတကျ လွှဲပြောင်းပေးရန်၊

( ခ ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်တွင်ရှိသော တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မှတ်တမ်းများနှင့် ရှားပါးအမွေအနှစ်အထောက်အထားများကို နိုင်ငံတော်၏အရေးအရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရေးအတွက် ရှာဖွေစုဆောင်းရန်နှင့် လွှဲပြောင်းရယူရန်၊

( ဂ ) နိုင်ငံတော်၏အမွေအနှစ် အထောက်အထားများဖြစ်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်းထားခြင်းဖြင့် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊

(ဃ) မှတ်တမ်းနှင့်မော်ကွန်းများကို စနစ်တကျထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတော်၏အရေးအရာကိစ္စရပ်များနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်သေအထောက်အထားအဖြစ် အသုံးပြုရန်။

**အခန်း(၃)**

**ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည်-

(က) ကြီးကြပ်ရေးအဖွဲ့ကို ၁၅ ဦးထက်မပိုစေဘဲ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | အခြားအဖွဲ့အစည်းများမှ နိုင်ငံသားပညာရှင်များ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သော သက်ဆိုင်ရာကျွမ်းကျင်သူနိုင်ငံသားများ | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ် ဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မှတ်တမ်းနှင့်မော်ကွန်းများကို စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း တို့အတွက် မူဝါဒများကို ချမှတ်ခြင်း၊

( ခ ) ဦးစီးဌာနက မော်ကွန်းအဖြစ် သတ်မှတ်သင့်ကြောင်း စိစစ်တင်ပြလာသည့် မှတ်တမ်းများကိုအတည်ပြုခြင်း၊

( ဂ ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက လုပ်ငန်းလိုအပ်ချက်အရ မူရင်းမှတ်တမ်း သို့မဟုတ် မော်ကွန်းကို ပြန်လည်လွှဲပြောင်းပေးရန်တောင်းခံမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ပနိုင်ငံ သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏လက်ဝယ်တွင်ရှိသောမှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်သည် နိုင်ငံတော်အတွက် လွှဲပြောင်းရယူရန် သို့မဟုတ် ဝယ်ယူရန် လိုအပ်ကြောင်း ဦးစီးဌာနကတင်ပြလာလျှင် လမ်းညွှန်မှုပေးခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

## နာနတ်တော-ဘုရင့်နောင် လေးလမ်းဆုံလူကူးခုံးကျော်တံတား လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်မည်



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့တွင် အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းရေး၊ သွားလာရေးလွယ်ကူချောမွေ့စေရေးနှင့် မြို့ပြအင်္ဂါနှင့်အညီ ခေတ်မီလှပစေရန် လူကူးခုံးကျော်တံတားများကို နိုင်ငံတော်မှတည်ဆောက်လျက်ရှိရာ ကမာရွတ်မြို့နယ် ကမာရွတ်ရဲစခန်းလမ်းဆုံဖြစ်သော နာနတ်တော-ဘုရင့်နောင် လေးလမ်းဆုံမီးပွိုင့်တွင် လူကူးခုံးကျော်တံတားတည်ဆောက်လျက်ရှိပြီး ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်၍ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဆုံသည် ဘုရင့်နောင်လမ်း၊ လှည်းတန်းလမ်း၊ နာနတ်တောလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းဆုံသော လမ်းလေးလမ်းဆုံရာနေရာဖြစ်သည့်အပြင် ရဲစခန်း၊ ကျောင်း၊ စာတိုက်၊ ဆေးရုံနှင့် ဆင်မလိုက်ဈေးသို့ ဖြတ်သန်းသွားလာရာနေရာဖြစ်သောကြောင့် ယာဉ်မပြတ်ဖြတ်သန်းရာလမ်းဆုံတွင် ယာဉ်အန္တရာယ်ရှိသော နေရာဖြစ်သည့်အတွက် လူကူးခုံးကျော်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ဒီလမ်းဆုံဟာ ယာဉ်တွေနေ့ညဖြတ်သန်းပြီး ကွန်တိန်နာသွားတဲ့လမ်းဖြစ်တာကြောင့် အချိန်ယူပြီး အခက်အခဲတွေကြားက တံတားကြီးပြီးမြောက်အောင် ဆောင်ရွက်ရတာပါ။ တံတားတည်ဆောက်ဖို့ စတင်ချိန်မှာ မြေအောက်က ရေပိုက်လိုင်း၊ ဓာတ်အားလိုင်း၊ မြေအောက်ကေဘယ်လ်ကြိုးတွေကို နှစ်လခွဲကြာ ရှင်းလင်းရတယ်"ဟု ခုံးကျော်တံတားတည်ဆောက်မှု တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုမောင်က ပြောသည်။

လူကူးခုံးကျော်တံတားအောက်ဘက် ကြက်လျှာစွန်းနေရာ၌ လှေကားလေးစင်းတွင် တပ်ဆင်ထားသော CCTV ကင်မရာအလုံး၂၀ နှင့် လျှပ်စစ်စက်လှေကားသုံးခုအတွက် ကွန်ထရိုးစင်တာကို တည်ဆောက်ထားရာ ရန်ကုန်မြို့တွင် တည်ဆောက်ထားသော လူကူးခုံးကျော်တံတားများတွင် ယခုခုံးကျော်တံတားမှာ ဒီဇိုင်းပုံစံဆန်းသစ်လျက် ခေတ်မီစွာတည်ဆောက်ထားသော လူကူးခုံးကျော်တံတားတစ်စင်းဖြစ်သည်။

ကားလမ်းလေးခုဆုံသောနေရာပေါ်တွင်တည်ဆောက်ထားသော လူကူးခုံးကျော်တံတားမှာ ၅၂၅ ပေရှည်လျားပြီး ယာဉ်ကင်းလွတ်အမြင့်မှာ ပေ ၂၀ ရှိသည်။ တံတားလျှောက်လမ်းအကျယ်မှာ ၁၁ ပေရှိ၍ ကြွေပြားခင်းထားသောအကျယ်မှာ ကိုးပေခွဲရှိကာ စက်လှေကားသုံးစင်းနှင့် ရိုးရိုးလှေကား တစ်စင်းဖြင့် လှေကားလေးစင်းပါရှိသည်။ လူကူးခုံးကျော် တံတားကြီး မြန်ဆန်စွာပြီးစီးရန် တည်ဆောက်လျက်ရှိပြီး တံတားမျက်နှာကြက် တပ်ဆင်ခြင်းလုပ်ငန်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် လှေကားဘေးအကာများတပ်ဆင်ခြင်းတို့ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိသည်။

နာနတ်တော-ဘုရင့်နောင် လေးလမ်းဆုံ လူကူးခုံးကျော်တံတားကြီးကို ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ပြီး သံကူကွန်ကရစ်ဖြင့် တော်ဝင်စာမရီဆောက်လုပ်ရေးက တည်ဆောက်ထားကာ ဒီဇင်ဘာလကုန်ပိုင်းတွင် ပြီးစီး၍ ဇန်နဝါရီ ၄ ရက်တွင် အများပြည်သူဖြတ်သန်းသွားလာနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်သည်။ **သစ္စာ**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများတွင် နေထိုင်လျက်ရှိသည့် ပြည်သူများ၏ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့နယ် ဖလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က တောင်ပေါ်ကျေးရွာများတွင် နေထိုင်လျက်ရှိသည့်တိုင်းရင်းသားများအနေဖြင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ယခုလို ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ကို ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူ့လက်ဝယ်အရောက် အပ်နှံပေးသည်။

ပျဉ်းမနားမြို့နယ် တောင်ပေါ်ကျေးရွာများဖြစ်သည့် သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲ ၁၁ ရွာမှ ကျေးရွာသူ၊ ကျေးရွာသား ၂၁၇ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ စုစုပေါင်း ၄၆၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်ရှိ အခြေခံပညာကျောင်း၌ နှီးတိုက်ကျွေး

**လယ်ဝေး ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ခရမ်းကိုင်းအ.ထ.က (ခွဲ)၌ ကျင်းပသည်။

နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကျော်ကျော်က အဖွင့်အမှာစကားပြောကြားကာ ဒက္ခိဏခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကျော်ဝင်းက ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများအား တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာလှမျိုးသန့်နှင့် တာဝန်ရှိသူများက နွားနို့များတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ (နေပြည်တော်)**

## သန်လျင်၌ လူငယ်နှင့် ပြည်သူ့နီတိ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် လူငယ်ရေးရာကော်မတီက စီစဉ်ကျင်းပသော လူငယ်နှင့်ပြည်သူ့နီတိစကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ပြည်ထောင်စုကိုယ်စားလှယ် ကိုထက်ပိုင်စိုးက လူငယ်ရေးရာမူဝါဒများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် တောင်ပိုင်းခရိုင်လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ကိုဝင်းကိုက ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ကိုထက်ပိုင်စိုး၊ အတွင်းရေးမှူး ကိုဒီပြိမ်းလင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာတွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကျေးရွာသစ်လွင်ရှားမှု အားကစားပွဲများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ တာဝေး၊ တာလတ်အပြေးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ဦးလှိုင် (ရမည်းသင်း)**

**မုံးကိုး**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မုံးကိုးမြို့ဘောလုံးကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းစုစုပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

**ပွင့်ဖြူ**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ သိရသည်။

ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကွင်းတွင်းပြေးခုန်ပစ်ပြိုင်ပွဲများနှင့် အခြားသော ကိုယ်ခန္ဓာကျန်းမာရွှင်လန်းစေမည့် ပျော်ပွဲရွှင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အားကစားနည်း ၁၇ မျိုးကို ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများမှာ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ မြို့ပတ်အပြေးပြိုင်ပွဲ၊ ဂုန်နီအိပ်စွတ်ပြေးပွဲ၊ ခြေပူးပြေးပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ သံပုံးရိုက်ပွဲ၊ အာလူးကောက်၊ မုန့်စားပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ အမြင့်ခုန်၊ ပူဖောင်းခွဲ၊ ကြက်တောင်ရိုက်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဂေါက်သီးရိုက်ပြိုင်ပွဲများဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

**ခန္တီး**

( ၇၂ )နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနပေါင်းစုံ အမျိုးသား ( အလွတ်တန်း ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ခန္တီးမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဘောလုံးအသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **အမ်းအင်းလမ်း(ပြန် / ဆက်)**



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မိုးလွင်နှင့် တပ်ဖွဲ့ဝင်များသည် ကော့ဘိန်းတိုက်နယ် မင်းရွာအုပ်စု ဘုရားကြီးရွာရှိ တန်ခိုးကြီးဘုရားပရိဝုဏ်နှင့် လျောင်းတော်မူဘုရားရင်ပြင်တော်တို့တွင် ဒီဇင်ဘာလနောက်ဆုံးပတ်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။ ကြေးမုံ

# အနာဂတ်တွင် လူကောင်းလူတော်များဖြစ်လာရန် ပညာရေးက ပြုစုပျိုးထောင်ပေးရန်လိုအပ်

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်လုံးတွင် ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်ကျင်းပသည့် ကျောင်းကုန်းမြို့ ကလေးစာပေပွဲတော် ရင်တွင်းစကားသံများအား ဖော်ပြပေးလိုက်ပါသည်။**



ဦးဇော်မျိုးဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)



ဦးလှသောင်း (မြို့နယ်ပညာရေးမှူး)



ဒေါ်ရွှေစင်နှင်းဆီ (အထက်တန်းပြဆရာမ)

**ဦးဇော်မျိုးဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)**

စာပေပွဲတော်ပြုလုပ်ခြင်းအားဖြင့် ကလေးတွေမှာ စာပေနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ၊ အတွေ့အကြုံကောင်းတွေရရှိမယ်။ ဒါ့အပြင် ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်လာမှာဖြစ်ပါတယ်။ စာပေပွဲတော်ကို နမူနာယူပြီး စာဖတ်တဲ့အလေ့အထတွေ၊ စကားပုံဆက်တွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းဖြင့် အနာဂတ်မှာ ဦးဆောင်မယ့်ရတနာလေးတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

**ဦးလှသောင်း (မြို့နယ်ပညာရေးမှူး)**

ဒီတော်ပွဲတော်ကို လာရောက်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မိမိတို့မှာရှိတဲ့ အရည်အသွေးတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထုတ်ဖော်ခွင့်ရရှိလို့ ပညာရေးဌာနအနေနဲ့ များစွာဂုဏ်ယူမိပြီး တစ်ဦးတစ်ယောက်ချင်းစီသာမက အဖွဲ့လိုက်စုပေါင်းအားနဲ့ ထုတ်ဖော်ခွင့်ပါရရှိလို့ ဝမ်းသာမိပါတယ်။

**ဒေါ်ရွှေစင်နှင်းဆီ (အထက်တန်းပြဆရာမ)**

ကျောင်းသား ကျောင်းသူတွေ နောင်အနာဂတ်မှာ လူကောင်းလူတော်တွေ ဖြစ်လာဖို့ ပညာရေးက ပြုစုပျိုးထောင်ပေးဖို့လိုအပ်ပါတယ်။ ပြင်ပစာပေဖတ်ရှုခြင်းကြောင့် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးခြင်း၊ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်း စတဲ့အကျိုးကျေးဇူးများစွာ ရရှိစေပါတယ်။ ကလေးတွေရဲ့ စာဖတ်ခြင်းအလေ့အထ တိုးပွားစေဖို့က ပညာရေးဘက်က ဖြည့်စွမ်းပေးခြင်းအပြင် မိဘများဘက်ကလည်း စံနမူနာပြ စာပေဖတ်ရှုခြင်း၊ စာအုပ်စာစောင်များ ဝယ်ယူပေးခြင်း၊ စာဖတ်သောပတ်ဝန်းကျင်နှင့် ထိတွေ့ပေးခြင်းတို့ဖြင့် စာဖတ်ဖို့ တိုက်တွန်းအားပေးရမှာဖြစ်ပါတယ်။ ဆရာများအနေနဲ့လည်း ပြင်ပစာတွေ များများဖတ်ဖို့လိုသလို သင်ခန်းစာနဲ့ ပြင်ပဗဟုသုတများကို ချိတ်ဆက်သင်ကြားပေးခြင်း၊ ကျောင်းစာကြည့်တိုက်အခြေပြုလုပ်ငန်းများပေးခြင်း၊ စာသင်စဉ် စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးများကို မျှဝေပေးခြင်းတို့ကို လုပ်ဆောင်ပေးမယ်ဆိုရင်ဖြင့် စာဖတ်အလေ့အထမှာပျော်မွေ့လာမယ့် အနာဂတ်ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာ အသေအချာပဲဖြစ်ပါတယ်ရှင့်။

**ဦးတင်မောင် (မြို့မိမြို့ဖ)**

ကလေးအရွယ်လိမ္မာအောင် ပညာပေးတဲ့ စာအုပ်လေးတွေကို အစကတည်းကဖတ်ဖို့လိုအပ်ပါတယ်။ ဖတ်နိုင်အောင်လည်း အစိုးရ၊ ဌာန၊ မိဘ၊ ဆရာ စတဲ့သူတွေပူးပေါင်းပြီးတော့ ကလေးတွေကို စာဖတ်ခန်းဆီ တဖြည်းဖြည်းရောက်လာအောင် ဆွဲဆောင်စည်းရုံးသွားဖို့ လိုပါတယ်။

အဆိုပါကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စာပေဆွေးနွေးပွဲနှင့် စာပေဟောပြောပွဲ၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်၊ အရုပ်ဆက်၊အိမ်ဆောက်ကစားနည်းများ၊ဂိမ်းကစားနည်းများ၊ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များ၊ ကျန်းမာရေးပညာပေးပြခန်း၊ မှူခင်းပညာပေးပြခန်း၊မီးသတ်ပြခန်းနှင့် မြန်မာနိုင်ငံရဲ့စပါးကျီ ဧရာဝတီတိုင်းရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ စိုက်ပျိုးရေးအသိပညာပေးပြခန်းကိုလည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း – ဝင်းကြိုင်၊ မောင်မောင်မြင့်**

**ဓာတ်ပုံ – စိုးမင်းဦး၊ လှမင်းထွဋ်**

## မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာအနီးရှိ ရှဲဝမ်ခုနစ်ထပ်ရေတံခွန်တွင် လာရောက်လည်ပတ်သူများပြားလာ

**ပူတာအို ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသော ရှဲဝမ်ခုနစ်ထပ်ရေတံခွန်တွင် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် ပြည်တွင်း၊ ပြည်ပ လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါရေတံခွန်သို့ သွားရောက်လည်ပတ်မည်ဆိုပါက တောင်ခြေအထိ ဆိုင်ကယ်များဖြင့် သွားလာနိုင်ကြောင်း၊ တောင်ခြေစခန်းတွင် ဝင်ကြေးလူတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ ကား/သုံးဘီးအပ်ခ ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်အပ်ခ ငွေကျပ် ၅၀၀ ကောက်ခံလျက်ရှိကြောင်း၊ ကောက်ခံရရှိငွေများဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် စားသောက်ဆိုင်များလည်း စီမံထားရှိကြောင်း ယင်းကော်မတီထံမှ သိရသည်။

ပူတာအိုခရိုင်တွင် ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်နိုင်သောနေရာများဖြစ်သည့် ဖုန်ကန်ရာဇီရေခဲတောင်၊ ခါကာဘိုရာဇီရေခဲတောင်၊ ကောင်းမှုလုံစေတီတော်၊ ကျောက်နဂါး၊ ဂူဘား၊ နတ်ကျွန်း၊ မူလာရှီးဒီကြိုးတံတားများအပြင် ရှဲဝမ်ခုနစ်ထပ်ရေတံခွန်သည် သဘာဝအလှမပျက် ထိန်းသိမ်းထားသော နေရာတစ်နေရာဖြစ်လာသည်နှင့်အညီ ပြည်တွင်း၊ ပြည်ပခရီးသွားပြည်သူများ အချိန်တိုအတွင်း လာရောက်လည်ပတ် အပန်းဖြေနိုင်သော နေရာတစ်နေရာပင်ဖြစ်သည်။

**ဖုန်ကန်(ပူတာအို)**

## AIR KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်တွင်းခရီးစဉ်များကို လုံခြုံစိတ်ချစွာဖြင့် ပျံသန်းပြေးဆွဲပေးလျက်ရှိသော မြန်မာနိုင်ငံသားပိုင် AIR KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။



AIR KBZ လေကြောင်းလိုင်းရှိ ဌာနများအနက် Best Performance ဆုရရှိသည့်ဌာနများမှ တာဝန်ရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။

အခမ်းအနားတွင် ရှေးဦးစွာ AIR KBZ လေကြောင်းလိုင်းရှိဌာနများအနက် Best Performance ဆုရရှိသည့်ဌာနများမှ တာဝန်ရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ AIR KBZ လေကြောင်းလိုင်းနှင့် အကျိုးတူစီးပွားဖက် ဆောင်ရွက်နေသည့် Agent များကို Valuable Partner 2019 အဖြစ် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ဩဂုတ် ၁ ရက်မှ ဒီဇင်ဘာ ၂၅ ရက်အတွင်း AIR KBZ လေကြောင်းလိုင်း ခရီးစဉ်များတွင် လိုက်ပါစီးနင်းခဲ့ကြသော ခရီးသည်များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် တတိယအကြိမ် ကံစမ်းမဲအစီအစဉ်ကို AIR KBZ ၏ Ambasssdor ဖြစ်သူ ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် စိုးစိုးခမ်းလှိုင်က ကံစမ်းမဲလက်မှတ်များကို ရွေးချယ်ပေးရာ တတိယဆု (Apple i Phone Xs)၊ ဒုတိယဆု (Apple Macbook Air)နှင့် ပထမ Grand Prize ဆု (2019 Model Ford Everst) ကားသစ်တို့ကို ရွေးချယ်ပေးသည်။ AIR KBZ လေကြောင်းလိုင်းအနေဖြင့် ခရီးသည်များအတွက် တတိယအကြိမ် ကံစမ်းမဲအစီအစဉ် ပြုလုပ်ပေးခြင်းဖြစ်သည်။

AIR KBZ လေကြောင်းလိုင်းသည် ATR-72-600 လေယာဉ်အသစ်များကိုသာ အသုံးပြုပြီး ပျံသန်းပြေးဆွဲလျက်ရှိသလို Safety ပိုင်းတွင် အဆင့်မြင့်ဆုံးဟု သတ်မှတ်ခံထားရသည့် Myanmar Airways International (MAI) နှင့် အကျိုးတူပူးပေါင်းပျံသန်းပြေးဆွဲလျက်ရှိကာ ပြည်တွင်းခရီးစဉ်များအနက် နယ်စွန်နယ်ဖျားမြို့ဖြစ်ပြီး သွားရေးလာရေးခက်ခဲသော ကျိုင်းတုံမြို့မှ နိုင်ငံ့ဝန်ထမ်းများအတွက် ကျိုင်းတုံခရီးစဉ်ကို ဝယ်ယူစီးနင်းပါက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ၅၀ ရာခိုင်နှုန်း လျှော့ချပေးနေကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-စိုးညွန့်**

## သတင်းစုံကဏ္ဍ

### သီလရှင် ဝတ်ရုံလှူဒါန်းပွဲနှင့် စာအောင်ဆုပေးပွဲကျင်းပ

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၃) နယ်မြေ မဟာဗန္ဓုလလမ်း ကုလဝိသေသီ သီလရှင်ပရိယတ္တိစာသင်တိုက်၌ သီလရှင်ဝတ်ရုံလှူဒါန်းပွဲနှင့် စာအောင်ဆုပေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက် သာသနာ့ရိပ်သာ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးသိန်းရွှေနှင့် တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်္ကန်းများကပ်လှူကြပြီး သီလရှင်ဆရာကြီး ဒေါ်က္ကန္တရီ၊ ဒေါ်ကုမာရီတို့အား အမှူးပြုသော စာသင်သီလရှင် ၆၀ တို့အား ဝတ်ရုံများ လှူဒါန်းကြသည်။

ထို့နောက် စာအောင်သီလရှင်များအား အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

### မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးရရှိ

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဒိုင်းချောင်းကျေးရွာ၊ ညောင်ချောင်းကျေးရွာ၊ ကွင်းချောင်းကျေးရွာ၊ ကြက်ဆင်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအထိ လျှပ်စစ်မီး အသုံးပြုနိုင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများရှိ ကျေးရွာလမ်းများတွင်လည်း လျှပ်စစ်မီးတိုင်များဖြင့်ထိန်လင်းလျက်ရှိသည့်အတွက် ပြည်သူများ ညအချိန်သွားလာမှု အဆင်ပြေလျက်ရှိပြီး အိမ်တိုင်းတွင်လည်း လျှပ်စစ်မီးရယူသုံးစွဲနေပြီဖြစ်သည့်အတွက် များစွာအဆင်ပြေကြောင်း၊ ကျောင်းသား ကျောင်းသူများလည်း ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)၊ ထွန်းထွန်းနိုင်(မော်ကျွန်း)**

### အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ရှားတော**

ကယားပြည်နယ် ရှားတောမြို့နယ် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဒေါကလော်လဲကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်က အမှာစကားပြောကြားပြီး ရှားတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းအောင် (ပြန်/ဆက်)**

# ကလေးစာပေပွဲတော်(ကျောင်းကုန်း)ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တက်ရောက်



**ကျောင်းကုန်း ဒီဇင်ဘာ ၂၇**
ကျောင်းကုန်းမြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောင်းကုန်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ကလေးစာပေပွဲတော်သည် ကလေးသူငယ်များ ရင်ထဲသိချင်သည့်စိတ်၊ တတ်ချင်တဲ့စိတ်၊ လေ့လာသင်ယူချင်သည့် စိတ်များ တစ်သက်တာကိန်းအောင်းပေါ်ပေါက်လာစေရန်လည်း ရည်ရွယ်ကြောင်း၊ ပွဲတော်တွင်အားကစားပြိုင်ပွဲများထည့်သွင်း ကျင်းပလျက်ရှိကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်ပေါ်လာစေရန်ရည်ရွယ်ကြောင်း၊ ရိုးသားကြိုးစား ဧရာဝတီသားများဆောင်ပုဒ်နှင့်အညီ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်း၌ ပြသထားသည့် နယ်ပယ်စုံမှပုဂ္ဂိုလ်ကြီးများလို ထူးချွန်သောပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပပေးသည့်အတွက် ကလေးများရဲ့ အနာဂတ်ကို ထုဆစ်ပုံဖော်မှုနှင့် ကလေးများရဲ့ပုံရိပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကလေးစာပေဆိုသည်မှာ ကလေးများကို စာအုပ်စာပေတို့နှင့် ရင်းနှီးကျွမ်းဝင်သွားအောင် ဆွဲဆောင်ပေးသည့်စာပေများဖြစ်ကြောင်း၊ ဆိုဆုံးမခြင်း၊ ပညာပေးခြင်းတို့ထက် ကလေးဘဝကပင် စာကိုချစ်တတ်၊ တွယ်တာတတ်သူများဖြစ်လာအောင် စွမ်းဆောင်ပေးရသည့် ကလေးကြိုက်စာပေများဖြစ်ပြီး စာအုပ်ကိုချစ်သောကလေးတို့သည် စာဖတ်ကျင့်ရှိသူများအဖြစ် ပေါ်ထွက်လာစေပါကြောင်း၊ ကလေးစာပေများက လူမျိုးသစ်တစ်ခုကို မွေးဖွားပေးလိုက်ခြင်းဟုပင် ခေါ်ဆိုနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဧည့်သည်တော်များသည် ကလေးစာပေပွဲတော်(ကျောင်းကုန်း)၌ ဆောင်ရွက်ထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ် စာပေပြခန်း၊ ပြိုင်ပွဲများ၊ ဌာနဆိုင်ရာ ပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲ.များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ပြုလုပ်သောကလေးစာပေပွဲတော်(ကျောင်းကုန်း)ကို တိုင်းဒေသကြီးအတွင်း (၁၃)ကြိမ်မြောက်မြို့နယ်အဖြစ် ကျောင်းကုန်းမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာလာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မောင်မောင်မြင့်၊ ဝင်းကြိုင်၊ စိုးမင်းဦး၊ လှမင်းထွဋ်(ပြန်/ဆက်)**

# လယ်ယာမြေများဖော်ထုတ်ပေးမည့် လုပ်ငန်းစီမံချက် ရှင်းလင်းတင်ပြ

**ပဲခူး ဒီဇင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးမြေမရှိသူများအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးမည့် လုပ်ငန်းစီမံချက်အား Landesa က ဒေါက်တာဒေါ်ဥမ္မာမျိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ရှင်းလင်းတင်ပြသည်။

Landesa မှ ဒေါက်တာဒေါ်ဥမ္မာမျိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆိုပြုလာသည့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာမြေများ ဆက်လက်ဖော်ထုတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့အား Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးခရိုင် ရွှေကျင်မြို့နယ်၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်နှင့် သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တို့ရှိ ဆောင်ရွက်ရန်သင့်သည့် နေရာများအားရှာဖွေ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ Landesa မှ ရွှေကျင်မြို့နယ် မအူပင်ကျေးရွာ၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဧရိယာ ၄၈၁ ဒသမ ၃၉ ဧကအား စိုက်ပျိုးနိုင်သောလယ်ယာမြေအဖြစ် ဖော်ထုတ်ကာ မူလလက်ငုတ်နှင့် မြေယာမဲ့ အိမ်ထောင်စုများအား စနစ်တကျစိစစ်ရွေးချယ်၍ ခွဲဝေချထားပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော်များကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၇**
ကရင်နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၆ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဖူတီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝင်း၌ ကျင်းပသည်။

ကရင်နှစ်သစ်ကူးပွဲတော်အကြောင်းကို အဘိုးဦးအောင်ထိန်ကလည်းကောင်း၊ ကရင်တိုင်းရင်းသားများ၏ သမိုင်းကြောင်းကို နန်းဇင်မာဝေနှင့် နန်းစုပုံချစ်တို့ကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေကြပြီး အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး(အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်နှင့် မေတ္တာပန်းကူးတံတားပြိုင်ပွဲများ ကျင်းပကြသည်။

အလားတူပင် ကရင်နှစ်သစ်ကူးပွဲတော်များကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကြပ်စဉ်ချောင်း၊ သစ်ဖြူချောင်း၊ မယ်တလိုင်း၊ စစ္စလီတုံး၊ ပတ္တော်နှင့် သောင်တန်းကျေးရွာများတွင်လည်း ကျင်းပကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# မန္တလေး၌ ဆစ်(ခ်)မိသားစုများစုံညီပွဲတော် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**
ဆစ်(ခ်)မိသားစုများစုံညီပွဲတော်ကို မန္တလေးမြို့ အမရပူရနီရပ်ကွက် မြောက်ပြင်ရှိ ဆစ်(ခ်)ဘုရားကျောင်းဝင်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဂုရုနာနတ်(က်)ဒေ့(ဗ်)ကြီး၏နှစ်(၅၅၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှု အားပေးသည်။

အဆိုပါပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဆစ်(ခ်)မိသားစုဝင်များစုပေါင်း၍ ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ဇီဝိတဒါန စုပေါင်းသွေးလှူခြင်း၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပခြင်း၊ ခေါင်းပေါင်းပေါင်းပြိုင်ပွဲကျင်းပခြင်း၊ ဆစ်(ခ်)မွေတော်ရွတ်ဆိုပြိုင်ပွဲ၊ သံဃာအပါး ၅၅၀ တို့အား ဆွမ်းလောင်းလှူခြင်းနှင့် အမျိုးသားကဇာတ်ရုံ (မန္တလေး)တွင် ဆစ်(ခ်)ရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ကာကွယ်ဆေးထိုးလုပ်ငန်းများ အထောက်အကူပြု မြို့နယ်အဆင့်ဆွေးနွေး

**ရေတာရှည် ဒီဇင်ဘာ ၂၇**
ကမ္ဘာ့အလှူရှင်အဖွဲ့ အစည်းဖြစ်သော GAVI-HSSE Program (၂၀၁၉-၂၀၂၀) အစီအစဉ်ဖြင့်ကျန်းမာရေးဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုး လုပ်ငန်းများတွင်အထောက်အကူပြုနိုင်မည့်လုပ်ငန်းရပ်များအား ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသည်။



မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနန္ဒာညီဆွေက ရေတာရှည်မြို့နယ်တွင် လူဦးရေအားဖြင့် နှစ်သိန်း နှစ်သောင်းကျော်ရှိသည့်အနက် ကလေးသူငယ် ၃၈၀၄ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၄၀၀၀ ကျော်ရှိကာ လစဉ်ကာကွယ်ဆေးရှစ်မျိုးထိုးနှံပေးလျက်ရှိပြီး ရောဂါ ၁၂ မျိုးကို ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးနှင့်ကလေးသူငယ်များ အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်တင်ဝင်းက သားဖွားဆရာမတစ်ယောက်သည်ကျေးရွာ ငါးရွာမှ ၁၀ အထိကွင်းဆင်းဆောင်ရွက်နေကြရကြောင်း၊ ထို့ကြောင့်မိတ်ဖက်အဖွဲ့အစည်းများဖြစ်သောအမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအစရှိသည့် NGO အဖွဲ့အစည်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးတို့၏ ဝိုင်းဝန်းကူညီမှုလိုအပ်ကြောင်း ပြောကြားသည်။ **ကိုလွင်(ဆွာ)**

# ပဲစင်းငုံပေါ်ချိန် တောင်သူများတွက်ခြေမကိုက်

**ငါ့သရောက် ဒီဇင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ကျေးလက်တောင်သူများသည် ပဲစင်းငုံပေါ် ချိန် ဈေးကောင်းမရသဖြင့် ပဲစင်းငုံစိုက်တောင်သူများတွက်ခြေမကိုက်ဖြစ်နေကြကြောင်း ပဲစင်းငုံစိုက်တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့မှ ပဲစင်းငုံစိုက်တောင်သူများသည် ပဲစင်းငုံခုတ်သိမ်းပြီးချိန် ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ပန်းတောင်းဈေးကွက်သို့လည်းသွားရောက်ရောင်းချရပြီး တစ်တင်းလျှင်ကျပ် ၂၃၀၀၀ သာ ရောင်းချရခြင်းကြောင့် ပဲစင်းငုံစိုက်တောင်သူများ တွက်ခြေ မကိုက်ကြောင်း ပဲစင်းငုံစိုက်တောင်သူ ဦးသန်းထိုက်ကရှင်းပြသည်။

**ကိုထိန်(ငါ့သရောက်)**



# လှိုင်းဘွဲမြို့၌ ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**လှိုင်းဘွဲ ဒီဇင်ဘာ ၂၇**
ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်ပြည်နယ် လှိုင်းဘွဲမြို့ အထက၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၆ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပသည်။

သဘာပတိ ဦးစောအုန်းတင်က အဖွင့်အမှာစကားပြောကြားပြီး ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

AUSTING All Branches
Dec 21 to Jan 1
Merry Christmas and HAPPY NEW YEAR
Up to 20% off

VANSON | GIORDANO | AUSTING | LADARNO | REFORM | TRUE | Platinum Fashion | Kiddy World | Anakku | pcash | wet n wild | LIFE | FOLLOW ME | POLICE | Fujiko | Kanebo | essence | Sweetie kids | KOSÉ | L'ORÉAL PARIS | Mizz | Kracie | REVLON | DIVA | limelight | FREEWAY | DANIEL LEWIS | kid planet | LiLy | Dr.madino | Amby LONDON | PERSONA | SHISHIDO | SHOE GALLERY | SHIROI BARA | Chilli | GLAMOUR | Schwarzkopf | bsc | bossini | KMA | Corner | Casablanca | CREATOR | CASUAL CLUB | Q.C | LITTLE BABY | pierre cardin | camella | essence | Monsco | iPANEMA | Mama | Samsonite | GALANZ | Baby House

ဂုဏ်ယူပွဲဆိုင်အားလုံးမှာ(၁)ရက်အတွင်းသတ်မှတ်ထားသောအရောင်းကောင်တာများမှကျပ်(၃)သောင်းဖိုးဝယ်ယူပါကကံစမ်းမဲ(၁)စောင်ရရှိမှာဖြစ်ပြီး...............
ကံစမ်းမဲများကတော့ Samsung TV များဖုန်းများအဝတ်လျှော်စက်များအပြင် အခြားလျှပ်စစ်ပစ္စည်းပေါင်းများစွာပါဝင်မှာဖြစ်ပါတယ်.........



Southern Ocean Co., Ltd.
White Elephant
GLASSWOOL Promotion
NEW (LIGHT) CEILING BOARD (ပစ္စည်းအသစ်)
- ကျောက်ပြားထက်ပေါ့၍ ကျောက်ပြားထက်ခေရိမ်း
- တစ်ချပ်ချက်စီလှည့် တစ်ချပ်ပါလှည့်၍ရ
- ဆေးသုတ်ရန်မလို
- ဥာဏ်ပေးပါက ရေစိုနှင့်သုတ်လျှင် အသစ်အတိုင်းပြန်ဖြစ်
110V–240V
Southern Ocean မှ ကျောင်းများကိုရှိသော
FRAMES & T-BAR
များသည် အခြားသော ၂ ပေပတ်လည်
ကျောက်ပြားများ နှင့် တွဲဖက်၍
တပ်ဆင်အသုံးပြုနိုင်ပါသည်။
110V–240V အတွက် အသုံးပြု၍ ရသည်။
No.238, 1st Street (North), East Gyo Gone, Insein Township, Yangon, Myanmar.
☎ :01 642986, :09 791828141, 中文服務 09 5089780
Website: www.soocean.com Email: jk@soocean.com


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၈/၂၀၁၉)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L–155(19–20) (RETENDER) | Spares for Kobelco Excavator (SK200–5)(71) Items | Ks |
| (ခ) | DMP/L–182(19–20) | Spares for 3 NB 1300 C Rig Pump for ZJ 50D Drilling Rigs (16) Items | Ks |
| (ဂ) | DMP/L–183(19–20) | Assorted Sizes of Gate Valves, Butterfly Valves and Check Valves (5) Groups | Ks |
| (ဃ) | DMP/L–184(19–20) | Industrial Raw Materials (2) Groups | Ks |
| (င) | DMP/L–185(19–20) | Spares for Mack Trucks (48) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၂၀ ရက် ၁၄:၀၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**


တရုတ် ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133



23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၆၆/ခ)၊ အလျားပေ(၆၀)၊ အနံပေ(၂၀) အမည်ပေါက် ဦးဝင်းအောင်၊ လက်ရှိပိုင်ရှင်ဖြစ်သူ ဦးသက်ဝင်း[၁၂/ဒပန(နိုင်)၀၀၈၃၂၄]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူခဲ့ရာ ယင်းမြေကွက်တန်ဖိုး၏ ငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ပေးအပ်ငွေကို ကျွန်မ ဒေါ်ဇာဇာဦး[၁၂/မဂတ(နိုင်)၀၇၃၇၇၆]မှ ပေးအပ်ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဇာဇာဦး[၁၂/မဂတ(နိုင်)၀၇၃၇၇၆]**
**အမှတ်(၁၉၈/ခ)၊ ရတနာသီဂီပတ်လမ်း၊**
**၉/၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၃၂၀၀၃၉၁**

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်မြ (LL.B, LL.M, D.B.L)
[illegible]





"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534



ကျောက်စိမ်း
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်းအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း
(ရွှေပေါက်ကံမြို့သစ်)
09 - 670 670 810
09 - 670 670 820


ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း/လမ်းသွယ်(၂)၊ အမှတ်(၉၉)ဟုခေါ်သော (၂)ခန်းတွဲ(၃½)ထပ်(၅-လွှာ)ကန်ထရိုက်တိုက်၏ (ပထမထပ်/ခြေရင်းခန်း)မှန်ခန်း၏အပေါ် တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို ကန်ထရိုက်တာ-ဦးညီညီ ထံမှဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး(၁၂/အစန(နိုင်)၁၅၉၆၆၅)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် ( LL-B )** — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
**ဒေါ်မာန်ခွန်နိုင်( LL-B )** — အထက်တန်းရှေ့နေ(စဉ်-၂၄၅၅၄) — Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘုတ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ကြာမှောက်ကြာလန်တွင် ရွှေစင်ရွှေပြား သင်္ကန်းတော်များကပ်လှူပူဇော်ရန် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၁၇/၂၀၁၉)

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| [illegible] | [illegible] | [illegible] |

မှတ်ချက်။ [illegible]

**Asia Dragon** (အေးရှားနဂါး)
09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ၂၀၁၈-၂၀၁၉ခု၊ ပညာသင်နှစ် A.G.T.I ဒီပလိုမာပေးအပ်မည့်**

### အခမ်းအနားအတွက်ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာပေးအပ်မည့် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၈-၂-၂၀၂၀(စနေနေ့)၊ နံနက် ၉:၀၀နာရီ
အခမ်းအနားကျင်းပခြင်း - ၉-၂-၂၀၂၀(တနင်္ဂနွေနေ့)၊ နံနက် ၉:၀၀နာရီ

၂။ A.G.T.I ဒီပလိုမာပေးအပ်မည့် အခမ်းအနားသို့ အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများ တက်ရောက်ယူနိုင်သည်-
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ မန္တလေး၊ လပွတ္တာ)တို့တွင် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I (တတိယနှစ်)စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက် - ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက် - ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲx နှစ်လက်မ)အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၃-၁-၂၀၂၀ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၇-၁-၂၀၂၀ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့ တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည်။

မှတ်ချက်။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

ဦးနှင်းဦး(ထားဝယ်)
**ထိပ်တန်း**
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto




ပုံစံ(၂)။ ဆိုင်ခန်းအငှားချထားခံရသူ အမည်ပေါက် ကွယ်လွန်၍ ဆက်ခံခွင့်ရှိသူများမှ အမည်ပြောင်း၍ လျှောက်ထားခြင်း

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ ရုံအမှတ်ခ/၈၊ ဆိုင်ခန်းအမှတ် ၉၊ ဆိုင်ခန်းအငှားချထားခံရသူ ဦးတင်ဖေ နိုင်/ကတ်ပြားအမှတ် [၁၂/မဂတ(နိုင်)၀၆၆၇၀၉] ကွယ်လွန်ပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်မှာ ပျောက်ဆုံးသွားပါ၍သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာအမှတ် (၂၅၇/၂၀၁၉) တင်ပြ၍ တရားဝင်သမီးရင်း ဒေါ်မာမာစိန် [၁၂/မဂတ(နိုင်)၀၆၆၅၄၄] မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့် သူမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏ ဖုန်းနံပါတ်-၀၉-၄၅၀၀၆၃၇၁၇**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုဗဟိုဌာန အဆောက်အဦရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ရေမိခင်များအဖွဲ့နာယက ဒေါက်တာရွှေလွှမ်းတို့သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကျောင်းလမ်းရှိ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုဗဟိုဌာန(Hydro Informatics Center–HIC) အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုဗဟိုဌာန အဆောက်အဦရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## အကောင်းဆုံးကစားသမားဆု၊ နည်းပြဆုနှင့် လူငယ်ကစားသမားဆုများ ရွေးချယ်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် MFF/MNL Awards Night ကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ အကောင်းဆုံးဆုကို ဒေးဗစ်ဒန်းနှင့် ရီရီဦး၊ လူငယ်အကောင်းဆုံးဆုကို မြတ်ကောင်းခန့်နှင့် ဖြူဖြူဝင်း၊ နည်းပြဆုကို ဦးအောင်နိုင်တို့က ရရှိခဲ့သည်။

ယင်းဆုပေးပွဲတွင် ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်း၌ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများကို ဆုချီးမြှင့်သည့်အပြင် တစ်ရာသီအတွင်း အကောင်းဆုံးကစားသမားဆု၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီလ ဒုတိယပတ်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။

၂၀၂၀ ရာသီအတွက် လိဂ်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး လာမည့်ရာသီအတွက် စီစဉ်ဆောင်ရွက်ထားမှုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများကို အတည်ပြုခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ



ကာဇက်စတန်၌ ခရီးသည်တင်လေယာဉ် ပျက်ကျ၊ လူ ၁၄ ဦးထက်မနည်း သေဆုံး

စာမျက်နှာ » ၁၃

နာနတ်တော–ဘုရင့်နောင် လေးလမ်းဆုံ လူကူးခုံးကျော်တံတား လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်မည်



စာမျက်နှာ » ၁၈

အနာဂတ်တွင် လူကောင်းလူတော်များဖြစ်လာရန် ပညာရေးက ပြုစုပျိုးထောင်ပေးရန်လိုအပ်

စာမျက်နှာ » ၁၉


ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှပဗေဒ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်းစိုးစဉ်သည်။ (ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အမှတ် - ကက - ၁၃/၁၅/၁၄၂)

၂၀၁၈/၂၀၁၉ တက္ကသိုလ်ဝင်တန်းအောင်ချက် ၈၀% ဖြင့် (၂)နှစ်ဆက်တိုက် တာမွေမြို့နယ် အောင်ချက်အကောင်းဆုံးကျောင်း (တိုင်းအဆင့်အောင်ချက် Top 13)

ပညာအောင်မြေ

(ပဥ္စမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ)

ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါ၊ နေ့တက်ဘော်ဒါ နှင့် စာသင်ဝိုင်းများ

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တန်းစုံထူးချွန်ကျောင်းသား/သူများ



မောင်ပြည့်ဖြိုးပိုင် - တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်

မမေစန္ဒီ - တက္ကသိုလ်ဝင်တန်း မြို့နယ်အဆင့် လူ့ရည်ချွန်ပထမဆုရှင်

မဆုလင်းနိုင် - နဝမတန်း မြန်မာစာစွမ်းရည် မြို့နယ်အဆင့်ဒုတိယ

မောင်စတားဇော် - ဆဋ္ဌမတန်း အင်္ဂလိပ်စာစွမ်းရည် ခရိုင်အဆင့် ပထမ

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စည်းကမ်းလိုက်နာနိုင်ပြီး ဘက်စုံထူးချွန်လိုသည့် ကျောင်းသား/သူများကို ကျောင်းအပ်လက်ခံပြီ။

ဆရာ/ဆရာမများ၊ အဆောင်မှူးများ (Guide) အလုပ်လျှောက်ထားနိုင်သည်။

တက္ကသိုလ်ဝင်တန်းပညာသင်ဆု လျှောက်ထားနိုင်သည်။

အောင်မြေ စာသင်ဝိုင်း (၁) အမှတ်(၇၈)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အောင်မြေ စာသင်ဝိုင်း (၂) အမှတ်(၃၇)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပညာအောင်မြေ - ကိုယ်ပိုင်အထက်တန်းကျောင်း

မြေအမှတ်(၄၇၆-A) မြလေးရုံလမ်းနှင့် ဒဂုံလွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09-25 222 9990, 09-25 222 9991, 09-25 222 9992, 09-25 222 9993